www.burmeseclassic.com

ဦးအဂ္ဂ (အောင်ဇူ)

The Best Questions

အင်္ဂလိပ်စာ လေ့လာလိုက်စားသူများ နှင့်
အင်တာဗျူးဖြေဆိုမည့်သူများ အားလုံးအတွက်
အကောင်းဆုံးမေးခွန်းများနှင့် အသင့်တော်ဆုံးအဖြေများ

Let's speak English happily.

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် -

မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

ထုတ်ဝေသူ - ဦးမောင်မောင်လှ

အဖုံးနှင့်အတွင်းပုံနှိပ် - ရွှေနိုင်ငံပုံနှိပ်တိုက်

အမှတ် (၉၀/စီ)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊

ဖုန်း - ၅၄၈၀၄၂၊ ၅၄၅၂၆၃

ဖြန့်ချိရေး - 'ပါရမီ' နိုင်ငံတကာအဆင့်မြင့် အစိုလိပ်စကားပြောသင်တန်း

မြစည်းခုံကျောင်းတိုက်၊ အမှတ်(၃)ဝိုင်း၊ ပါရမီလမ်း၊ ဝင်းယမ့တ်တိုင်ရွှေ၊

တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၆၁၀၈၀

ဈေးနှုန်း - ၁၀၀၀

တန်ဖိုး -

" The Best Questions "

အတွက်

စာရေးသူရဲ့ ကျေးဇူးတင်လွှာ။

လက်ဦးဆရာမည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ ဆိုသကဲ့သို့ အစဦးဆုံး သက်ရှိထင်ရှား ရှိနေကြသော စာရေးသူရဲ့ မိဘနှစ်ပါးဖြစ်တဲ့ ဦးစံတင်+ဒေါ်ကြည်ရွှေတို့အား လည်းကောင်း၊ ဒီလောကီ ပညာကို လေ့လာသင်ယူချိန်မှာ အစစအရာရာ လိုလေသေးမရှိ ဆိုဆုံးမ စကားတွေနဲ့အတူ တပည့်အပေါ် ထောက်ပံ့ပေးခဲ့တဲ့ တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ပဓာန နာယက နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တဓိကဂ္ဂသာရ (အဂ္ဂမဟာကဂ္ဂိတ) ကျေးဇူးတော်ရှင် ဆရာတော် ဘုရားကြီးအား လည်းကောင်း၊ အခု စာသင်ပေးနေတဲ့ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၃)ဝိုင်း ပါရမီလမ်းကြီးပေါ်မှာရှိတဲ့ မြစည်းခုံကျောင်းတိုက်ရဲ့ ဦးဝီးပဓာန နာယကဆရာတော် စာရေးသူရဲ့ ငယ်ဆရာလည်းဖြစ် မိဘကဲ့သို့ ကျေးဇူးလည်းကြီးမားတဲ့ ဘဒ္ဒန္တပဏ္ဍိတသာရ (မဟာဂန္ထ ဝါစကပဏ္ဍိတ) အားလည်းကောင်း၊ တစ်နေကုန်လုံးနီးပါး သင်နေရပေမယ့် မောပန်းနွမ်းနယ်တယ် ဆိုတာ မရှိလောက်အောင် အခက်အခဲမရှိ လွယ်ကူချောမွေ့စွာ သင်ကြားပြသနိုင်တဲ့အထိ လမ်းညွှန် သင်ကြား ပြသပေးခဲ့ကြတဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ အားလုံးကိုလည်းကောင်း၊

ဒီ " The Best Questions " စာအုပ်လေးအတွက် ကိုယ်တိုင် စာရေးချိန်၊ စာရိုက်ချိန်ရအောင် စာသင်ချိန်မှာ စေတနာအပြည့်နဲ့ ဝိုင်းဝန်းကူညီ သင်ပေးနေကြတဲ့ စာရေးသူရဲ့ တပည့် ဆရာ/ဆရာမများအားလုံးကိုလည်းကောင်း၊ ဆရာနဲ့အတူ စာသင်ချိန်တွေကို ဖျက်ပြီး စေတနာသက်သက်ဖြင့် စာစီ စာရိုက်ပေးကြတဲ့တပည့်များ အားလုံးကိုလည်းကောင်း၊ မျက်နှာဖုံးဒီဇိုင်းကို ဆရာနဲ့အတူ ရေးဆွဲပေးကြတဲ့ တပည့် ခိုင်သဇင်လတ် နှင့် မဒွေးဒွေးကြွယ်တို့အားလည်းကောင်း၊ ရွှေနိုင်ငံ ပုံနှိပ်တိုက်ဝိုင်ရှင် ဦးမောင်မောင်လှ ဖိသားစုနှင့်အတူ ဖော်ပြပါ ကျေးဇူးတင်ထိုက်သူများတွင် မပါဘဲ ကျန်ရှိနေကြသေးတဲ့ အနီး အဝေးမှ ကျေးဇူး တင်ထိုက် သူများအားလုံးကို ရင်ထဲက စစ်မှန်သော မေတ္တာစေတနာဖြင့် ကမ္ဘည်းထိုး မှတ်တမ်းတင်အပ်ပါသည်။

ဦးအဂ္ဂ (တောင်ငူ)

၆၊ ၂ ၊ ၂၀၁၉။

www.burmeseclassic.com

www.burmeseclassic.com

စာရေးသူ၏ "အမှာ"

စာရေးသူရဲ့ နှစ်(၄၀)ပြည့်မွေးနေ့အမှတ်တရအဖြစ် The Best Questions စာအုပ်လေးကို ထုတ်ဝေလိုက်ပါတယ်။ ဒီစာအုပ်လေးတာ သင်တန်းမှာ သင်ကြားပေးနေခဲ့တာ ကြာခဲ့ပါပြီး သင်တန်းစသင်ချိန်ကနေ ယခုအထိ ပထမဦးဆုံး စာအုပ်အဖြစ်ကို ရောက်ရှိလာတာ ဒီစာအုပ်လေးပါ။ ဒါပေမယ့် အပြင်ကျောင်းသူ ကျောင်းသားတွေ၊ အင်္ဂလိပ်စာ လေ့လာသူတွေ အတွက် မထုတ်ဝေဖြစ်ခဲ့ပါဘူး။ အခုတော့ ပြည်စွက်မှုတွေထပ်လုပ်ပြီး အကောင်းဆုံး ပြည့်စုံ ခိုင်သမျှ ပြည့်စုံအောင်ရေးထားပါတယ်။ အရင်ကတော့ အဓိကအားဖြင့် သင်တန်းအတွင်းမှာ တက်ရောက် နေကြတဲ့ ကျောင်းသူ ကျောင်းသားတွေအတွက် Pair-talking တစ်ယောက်နဲ့ တစ်ယောက် ဆွေးနွေးပြောဆိုတဲ့အခါ အစိမ်းသက်သက်ကြီးဆိုတော့ အစပိုင်းမှာ ဘယ်လို ပြောရမယ်၊ ဘယ်လိုမေးရမယ်ဆိုတာ မသိတော့ စကားပြောကို ကြောက်သွားမှာစိုးလို့ အလေ့ အကျင့်ရသွားအောင် ကြည့်ပြီးမေးဖို့အတွက် စီစဉ်ထားတာပါ။

ပြီးတော့ တစ်ခြား စာတွေသင်ပေးရသေးတယ်၊ ဒီမေးခွန်းတွေချည်းပဲလည်း သိုးသန့် မသင်ပေးနိုင်ဘူးလေ။ အချိန်ကုန်သက်သာစေဖို့နဲ့ အချိန်ရတဲ့သူတွေအတွက် ကြိုတင်ပြီး လေ့လာမှတ်သားထားလို့ရအောင် စာအုပ်အဖြစ်ထုတ်ဝေဖို့ အကြံပြုပေးခဲ့တာပါ။

တစ်ဦးဦးက Talk-show ကို တစ်ယောက်တည်း အတန်းရှေ့ အများကြားမှာ မတ်တပ်ရပ်ပြီး ပြောတဲ့အခါ၊ ကိုယ်ပိုင်အတွေးနဲ့ ကိုယ်ပိုင်မေးခွန်းတွေ ချက်ချင်း ဘယ်လို မေးရမှန်း မသိရင် ဒီစာအုပ်လေးထဲက မေးခွန်းတွေကို အရင်ကြည့်ပြီး Speaker ကို မေးခွန်းတွေ လွယ်လွယ်ကူကူ မေးနိုင်ဖို့အတွက်။ အလွတ်ကျက်သင့်တဲ့ အရာတွေကလွဲရင် ဒီမေးခွန်းတွေကို အလွတ်မကျက်ခိုင်းသလို၊ အလွတ်ကျက်ဖို့လည်း မတိုက်တွန်းပါဘူး။ သင်တန်းမှာ သင်ပေးရင်း နဲ့ သန့်ပိုင်း၊ ပြောပုံပြောနည်း၊ ဝါကျတည်ဆောက်ပုံ၊ ဝေ့ပုံဝေ့နည်း၊ ရေးပုံရေးနည်း၊ စာကျက်ပုံ စာကျက်နည်း၊ စာပြန်သင်ပုံ ပြန်သင်နည်းတွေကအစ အားလုံးနီးပါးကို အတတ်နိုင်ဆုံး တစ်နေရာတည်းမှာ Four Skills အပြင် Thinking Skill အတွေးစွမ်းရည်

www.burmeseclassic.com

www.burmeseclassic.com

အတွက် စိတ်ကူးထဲမှာ ပေါ်လာသမျှအတွေးကို အကြောကြီး စဉ်းစား နေစရာမလိုတဲ့ လျှပ်တစ်ပြက် ချက်ချင်း လက်တန်း ဘယ်လိုတွေးပြီး ပြောရတယ်ဆိုတာကိုပါ တစ်ခါတည်း ရသွားစေဖို့ ကိုယ်တိုင် တွေးပြတယ်၊ သူတို့ကို တွေးတတ်လာအောင် လေ့ကျင့်ပေးတယ်။ ပြီးရင် နှစ်ယောက်တစ်တွဲ သို့မဟုတ် တစ်ယောက်တည်း လက်တွေ့ပြောခိုင်းတယ်။ Talk-show ပြောတဲ့အခါမှာလည်း Speaker အတွက်မေးလို့ အသင့်တော်ဆုံးပြောလို့ အကောင်းဆုံးမေးခွန်းတွေကိုသာ ရွေးချယ်ပြီး စီစဉ်ထားတာပါ။

ကျောင်းသူ/သားတွေအပြင် လေ့လာသူတွေ အားလုံးအတွက် အမေးရော အဖြေပါ နူတ်သွက် အာသွက် ဖြစ်လာစေမယ့် လွယ်ကူတဲ့ မေးခွန်းတွေဖြစ်တဲ့ အတွက်ကြောင့် ခဏလေး အတွင်းမှာ အင်္ဂလိပ်စကားပြောနဲ့ပတ်သက်ပြီး မပြောရဲသူတွေ မေးခွန်းကို ဘယ်လိုကစပြီး မေးရမှန်း မသိသူတွေ အားလုံးအတွက် နူတ်ဆိတ် နူတ်ပိတ် မနေတော့ဘဲ သွက်လက်စွာ ပြောရဲလာမှာ ဧကန်ပါ။ ပြီးတော့ ရိုးရိုးမေးခွန်းတွေအတွက် ဖြေပုံဖြေနည်း စနစ်ကိုပါ ထည့်ပေး ထားပါတယ်။ အဖြေတွေကိုတော့ အားလုံး မရေးထားပါဘူး။

ပြီးတော့ Do you speak English? စတဲ့ ရိုးရိုးမေးခွန်း မြန်မာလို ''လား''နဲ့ ဆုံးတဲ့ မေးခွန်းတွေအတွက် အဖြေကိုပုံသေ ပေးထားတာကြောင့် ဒီမေးခွန်းတွေနဲ့ မေးလာရင် ဒီလို ဖြေရမယ် ဆိုတာ ပြောတဲ့သူတွေ သေသေချာချာ သိထားတော့ ပြောရဲရုံတင် မဟုတ်ဘဲ ပိုမိုလွယ်ကူပြီး ယုံကြည်မှု ပိုရှိလာတာပေါ့။ ကျောင်းသူကျောင်းသား လေ့လာသူ တို့သည် အများစုအားဖြင့် သူများပြောတာကို နားလည်ကြတယ်၊ စကားလုံးတွေ အားလုံး နီးပါးကိုလည်း သိကြတယ်။ ဒါပေမယ့် ဘယ်လို ပြန်ပြောရမှန်း ဘယ်လိုပြန်ဖြေရမှန်း သေသေချာချာ မသိကြဘူး။ သူတို့တွေ အင်္ဂလိပ်စာ မတတ်ကြတာမဟုတ်ဘူးနော်၊ မပြောရဲ ကြတာပါ။ သူတို့လိုနေတာ နည်းစနစ်ပိုင်းနဲ့ လေ့ကျင့်မှု များများပဲဖြစ်ပါတယ်။ အဲ့ဒါကြောင့် လေ့လာသူတွေ အားလုံးအတွက် ''လောကမှာ'' မေးခွန်းသည် နှစ်ပျိုးတည်းရှိရာ တစ်ပျိုးအတွက် အဖြေပုံသေပြီး ကျန်တဲ့ ''လဲ''မေးခွန်း (W/H+3,4) အတွက်အဖြေသည် တစ်ဝက်ပဲရမယ်။အဖြေအတိုအကျတော့ဒီမေးခွန်းအတွက်ပေးလို့မရဘူး။ကျန်တဲ့တစ်ဝက်ကို

ကိုယ်တိုင်(သို့မဟုတ်) ဆရာမပြ နည်းမကျဆိုသလို ဆရာက နည်းပေးလမ်းပြနဲ့ ဘယ်လိုမေးရင် ဘယ်လို ဖြေရမယ်စသည်ဖြင့် လမ်းညွှန်ပြရုံသာ ရှိတော့တယ်။

ဥပမာလေးကြည့်ပါဦး.... Why နဲ့မေးရင် Because နဲ့ ဖြေဆိုတဲ့ အကြမ်းဖျင်း သဘောလောက်တော့ ပြောပြ/သင်ပြလို့ရပါတယ်။ ဒါပေမယ့် နောက်ပိုင်းဖြေဆိုလာမယ့် တိကျသေချာတဲ့ အကြောင်းပြချက်ကတော့ ကိုယ့်သဘောအတိုင်းပေးရင် ကိုယ်သဘောပဲ ဖြစ်သွားမယ်။ သူများသဘောအတိုင်း သူတို့ စိတ်တိုင်းကျမဖြစ်နိုင်ဘူး အဲ့ဒါကြောင့် အဖြေကို အတိအကျမပေးနိုင်ဘူး။

ထပ်ပြီး ဥပမာလေးပြဦးမယ်။ Why do you attend English Speaking class? ဆိုပါတော့ ဒီမေးခွန်းတစ်ခုအတွက် အဖြေသည် လူတစ်ယောက်မှာတင် အကြောင်း ပြချက်တွေ အမျိုးမျိုး ရှိလာနိုင်တဲ့ အတွက်ကြောင့် အဖြေကို ပုံသေ မပေးနိုင်ခြင်းဖြစ်တယ်။

အဲ့ဒါကြောင့် လေ့လာသူတွေရော သင်ကြားပေးသူ ဆရာများဘက်ကပါ ဒီ''လဲ'' မေးခွန်းကို အဓိက ဦးစားပေး အနေနဲ့ လေ့လာသင့်ပါတယ်။ သင်ပေးသင့်ပါတယ်။ လေ့ကျင့် သင့်ပါတယ်။ အခု အဲ့ဒီ မေးခွန်းကို အဖြေအနည်းငယ် လေ့လာကြည့်လိုက်ပါ။

why do you attend English Speaking class?

I attend English Speaking class because I want to go abroad.

I attend English Speaking class because I want to be a good English teacher.

I attend English Speaking class because I want to be a tourist guide.

I attend English Speaking class because I work in the company.

I attend English Speaking class because I want to improve my English.

I attend English Speaking class because it's very useful. ဒီလို အဖြေမျိုးတွေ အမျိုးမျိုးထွက်လာနိုင်တဲ့ အတွက်ကြောင့် အဖြေသည် ပုံသေ မဖြစ်နိုင်တော့ပါ။ သင့်ဘက်က

www.burmeseclassic.com

www.burmeseclassic.com

သင်ပေးရင် ပြောရင်ကော ဒီအဖြေတစ်ခုတည်း ကျက်မှတ်ထားပြီး ပြောမှာလား။ အဲဒီအဖြေ လောက်ကတော့ ကြက်တူရွေး-တောင် နှုတ်တိုက်ရွတ်ဆိုနိုင်လောက်ပါတယ်။

လေ့လာသူတက်ကလည်း မရှက်မကြောက် ပြောရဆိုရဲရွှိအောင် အရင်သတ္တိမွေးပါ။ မှားသွားမှာ စိုးလို့၊ မှားသွားမှာ ကြောက်လို့၊ မှားသွားရင် ရှက်စရာကြီး၊ သူများတွေ ဝိုင်းရယ်ကြလိမ့်မယ်စသည်ဖြင့် သူတို့စိတ်ထဲမှာ ထင်နေကြတယ်။ တကယ်တန်းတော့ ဒါတွေဟာ အင်္ဂလိပ်စာနှင့် စကားပြောကို တိုးတက်စေဖို့ အကြီးမားဆုံး အတန့်အတားတွေ ဖြစ်ပါတယ်။ သင့်မှာလည်း အနည်းဆုံး (၁၀)တန်း အဆင့်ရှိနေတာပဲ။ စကားလုံးတွေကလည်း ရသင့်ရထိုက်တာတွေ ရှိထားပြီးပြီးပဲ။ ဘာကြောက်စရာလိုလို့လဲ။ ဘာရှက်စရာရှိလို့လဲ။ သင်တကယ် အင်္ဂလိပ်စကားပြောကို ကျွမ်းကျွမ်းကျင်ကျင်တတ်ချင်ရင် အဲဒီရှက်စိတ် ကြောက်စိတ်ကို ဖျောက်ပါ။

ရှက်စိတ်၊ ကြောက်စိတ်မရှိပါစေနဲ့။ (ဒီစကားသည်-- ပညာရေးအတွက် အဓိက ဆိုလိုခြင်းဖြစ်သည်။ ကျန်သော နေရာမျိုးတွေမှာ ရှက်စိတ် ကြောက်စိတ် ရှိသင့်သည်။ ရှက်စိတ်၊ ကြောက်စိတ် ရှိရမည်။) သင့်ဘက်မှာ ကြိုးစားမှုလေး တစ်ခုရှိရင် မှန်ကန်တဲ့ အကောင်းဆုံး နည်းစနစ်ပိုင်းကို ဆရာဘက်က ပေးမှာပို့ - **ကြိုးစားမှုတစ်ခုနဲ့ နည်းစနစ်မှန်ကန်မှု** - ဒီနှစ်ခုပေါင်းလို့ မအောင်မြင်ဘူးဆိုရင် ကံကြမ္မာကို ရိုးမယ်ဖွဲ့ပြီး ပုံချနေစရာ မလိုပါဘူး။ တုတ်တယ် မတုတ်လား။

လွဲလ ဝိရိယတစ်ခုတည်းနဲ့ ကြိုးစားတိုင်း လောကကြီးမှာ မအောင်မြင်နိုင်ဘူး ဆိုတာကိုတော့ ဥပမာလေးပြပါရစေဦး.... တို့ဘုရားလောင်း သိဒ္ဓတ္တမင်းသားသည် ..... တောထွက်ပြီး ဘုရားဖြစ်ရန် ဒုက္ကရစရိယာ ကျင့်တော်မူခဲ့တယ်။ ဒုက္ကရစရိယာ ကျင့်နေစဉ် (၆)နှစ်အတွင်းမှာ လွဲလဝိရိယအားသည် အလွန်အမင်း အထွတ်အထိပ်သို့ ရောက်အောင် ဝိရိယအား ကောင်းခဲ့ပါသည်။ ဒါပေမယ့် ဘုရားအဖြစ်သို့ အဲဒီ အချိန်မှာမရောက်ခဲ့ပါဘူး။ အကြောင်းကား .... နည်းလမ်းမမှန်။ နည်းစနစ်မကျ။ ကျင့်စဉ်နည်းလမ်း မဟုတ်ခဲ့တဲ့

အတွက်ကြောင့်ပါ။ တကယ်လို့ သင့်ဘက်က ဝိရိယအား ကောင်းနေပေမယ့် နည်းစနစ်ပိုင်း မမှန်ရင်တော့ ပင်ပန်းရံသာ ရှိတော့မည်။ ကိုယ်လိုရာ အောင်မြင်မှုကို မရနိုင်ဘူး။ ကိုယ်လိုရာပန်းတိုင်ကို မရောက်နိုင်ဘူးပေါ့။ နည်းစနစ်မှန်ကန် ကောင်းမွန်ပေမယ့် ကြိုးစား အားထုတ်မှုမရှိပြန်ရင်လည်း လိုရာပန်းတိုင်ကို မရနိုင်ပြန်ဘူး။

ဥပမာလေး ထပ်ပြပါရစေဦး ..... ဒီ ဥပမာလေးကတော့ အများသူတွေအတွက် မပေးတော့ဘဲ ကိုယ်နဲ့နှိုင်းပြီး ဥပမာပြမယ်။ စာရေးသူသည် ဘုရားသားတော် ရဟန်း တစ်ပါးဖြစ်သည်။ အဲဒါကြောင့် ဘုရားရှင်က နိဗ္ဗာန်ကိုရရှိနိုင်မယ့် နည်းစနစ်ပိုင်းကို (၄၅)ပါ။ ကာလပတ်လုံး ကောင်းစွာ ဟောကြားထားတော် မူခဲ့ပေမယ့် အဲဒီအပေါ်မှာ ဝိရိယအား ကျဆင်းကြိုးကုတ် အားထုတ်မှုအပိုင်းသည် အလွန်အားနည်းနေတဲ့အတွက် လိုရာကို မရနိုင်သေးဘူး။ ဘယ်ရာနှစ်တရား၊ ဘယ်မဂ်တရား၊ ဘယ်ဖိုလ်တရားမှလည်း မရနိုင်သေး။ မဆိုက်ရောက်နိုင်သေးပါ။

အဲဒါကဘာပြစ်လို့လဲ။ ဘုရားရှင် ဟောကြားတော်မူထားတဲ့ နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း အကျင့်ကောင်း/ နည်းစနစ်ကောင်း ''အလယ်အလတ်လမ်းစဉ်'' မရှိမ ပဋိပဒါ (Middle Way) ရှိနေပါလျက်နဲ့ ကိုယ်ကိုယ်တိုင်က အဲဒီနည်းစနစ်ပေါ်မှာ ကျင့်ကြံ ကြိုးကုတ် အားထုတ်မှုနည်းနေလို့သာ ဘာတရားထူး တရားမြတ်ကိုမှ မရရှိသေးသလို လိုရာပန်းတိုင်ကိုလည်း မရောက်နိုင်သေးဘူး ဖြစ်နေတယ်။

အဲဒါကြောင့် ဒီဥပမာလေးကိုပမာထားပြီး သင့်ဘက်က ကြိုးစားမှုလေးတစ်ခုရှိရင် အဲဒီကြိုးစားမှုနဲ့ ဆရာဘက်က နည်းစနစ်ကောင်းပေးရင် သင့်အတွက် ဝိရိယကြိုးစားမှုနဲ့ နည်းစနစ်အမှန်အကန်ကို ပေါင်းလိုက်ရင် သင့်ဘဝမှာ သင်လိုရာရနိုင်သည်။ မအောင်မြင်ဘူးဆိုတာ စာရေးသူ လက်မခံနိုင်ပါ။ ကျိန်းသေ အောင်မြင်ရမည်။ တိုးတက်ရမည်။ အင်္ဂလိပ်စကား ပြောရရမည်။ နောက်ဆုံးမှာ အချိန်တိုအတွင်း စာပြန်သင်ပေးနိုင်ရမည်။ စာရေးသူအာမခံ အာမခံနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com

သင့်အတွက် အချိန်တိုအတွင်းမှာ အင်္ဂလိပ်စာနဲ့ စကားပြောကို ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းလာစေမည်။ ဘာ့ကြောင့် ဒီလောက်ထိ အာမခံချက်ကို ပေးနေရတာလဲဆိုတော့ စာရေးသူဟာ အင်္ဂလိပ်စာနဲ့ ပတ်သက်ရင် (၂)တန်းအောင်တယ်၊ မအောင်ဘူးဆိုတာတောင် မမှတ်မိဘူး။ အဲဒီလောက်ထိ တစ်ဖက်ကမ်း ခပ်အောင်တော်တာ၊ အဲဒီတော့ လောကီစာပေ ပညာဘက်မှာ တော်တော်လေး ခရီးရောက်နေပြီ၊ တော်တော်လေး တတ်ကျွမ်းနေပြီဆိုတာ မပြောလည်း ထင်ရှားစွာ သိနိုင်လောက်ပါပြီ။ ကိုယ့်မှာ မရှိတဲ့ပညာကို လူကြားထဲမှာ အများသိအောင် ပြောပြရတာ အားမထယ်တဲ့အပြင် ပိုပြီးတော့ အားရှိလာတယ်လို့တောင် ထင်မိပါတယ်။ အဓိကပြောချင်တာကတော့ သိမ်ငယ်တဲ့စိတ် မရှိဖို့အဲဒီလိုစိတ်တွေ ဝင်မလာဖို့ အရေးကြီးပါတယ်။

အခုဆို စာရေးသူသည် ဆရာဖြစ်လို သံဃာတော်ပေါင်းများစွာ ခလေးသူငယ်ကစလို့ ဘွဲ့ရ Tutor, Lecturer, ဆရာ/ဆရာမများနိုင်ငံခြားမှာအလုပ်လုပ်ဖို့ပညာသင်ဖို့သွားကြမယ့် လူကြီး/လူငယ် အတန်းစား အားလုံးကို လူအများ နားလည်အောင်၊ လက်ခံအောင် သင်ပြပေး နေနိုင်တာ ဘာ့ကြောင့်လဲဆိုတော့ လုံးလဝိရိယနဲ့ မှန်ကန်တဲ့ နည်းစနစ်ကြောင့်ဆိုတာ သင်လက်ခံလိုက်ပါ။

အဲဒါကြောင့် ကြိုးစားပါ။ မရွက်နဲ့၊ မကြောက်နဲ့၊ အားမငယ်နဲ့။ သင့်ဘက်က ကြိုးစားလို့ မတိုးတက်လာဘူးလို့ထင်ရင်၊ သို့မဟုတ် မအောင်မြင်ဘူးလို့ထင်ရင် ကျွန်တော်တာတစ်ခုကတော သင်လေ့လာနေတဲ့ နည်းစနစ်ပိုင်း မှန်လို့ဆိုတာ သေချာတယ်။ အဲဒီအခါ ဆရာ့ထံ (သို့မဟုတ်) စိုနီယာကျောင်းသားတွေထံမှာ အကြံအဉာဏ်တောင်းပါ။ ဆွေးနွေးပါ။ ပွင့်လင်းစွာ ပြောဆိုကြပါ။ ဆရာနဲ့တွေ့ဖို့၊ စိုနီယာတွေနဲ့ဆုံဖို့၊ တွန့်ဆုတ် တွန့်ဆုတ် လုပ်မနေကြပါနဲ့။ အချိန်တိုအတွင်း အင်္ဂလိပ်စာနဲ့ ပတ်သက်ရင် အံ့မခန်း ပြောင်းလဲ တိုးတက်သွားမယ်။ အင်္ဂလိပ် စကားပြော စာအုပ်တွေ များစွာရှိပေမယ့် ပွဲမဝင်ခင် အပြင်ကလေ့ကျင့်ဆိုသကဲ့သို့ သင်တန်းအတွင်းမှာ အရင်လေ့ကျင့်ဖို့ချည်ရှုယ်ပြီးဒီစာအုပ်ကိုအများအကျိုးအတွက်ထုတ်ဝေလိုက်တာပါ။

ဒီလိုစာအုပ်မျိုးလေး တစ်အုပ်လောက်ရှိရင် ဘယ်နေရာမဆို၊ ဘယ်သင်တန်းမဆို အထူးသဖြင့် သင်တန်းအတွင်းမှာ ပြောရဲ၊ ဆိုရဲ၊ မေးရဲ၊ ပြန်ဖြေရဲလာမယ်။ သင်တန်းထဲမှာ ပြောရဲ၊ ဆိုရဲ၊ မေးရဲ၊ ဖြေရဲရင် အပြင်လုပ်ငန်းခွင် (သို့မဟုတ်) လက်တွေ့မှာ အမှန်တကယ်

အသုံးချနိုင်ပါတယ်။ အရင်က လေ့ကျင့်ထားမှု မရှိဘူးဆိုရင် နှုတ်တွေ့ အတွေ့ကြုံလာတဲ့အခါမှာ အယောင်ယောင် အမှားမှား အဆိအငေါ်မတည့် ဟိုရောက် ဒီရောက် ထစ်ထစ် ငေါ့ငေါ့တွေဖြစ်နေမယ်။ ကိုယ်လိုရာကို မရောက်ဘဲ အချိန်တွေကုန်လာမယ်၊ အချိန်တွေကုန်လာလို့ မတိုးတက်ဘူးဆိုရင် အလကားပါ ဘာမှမတတ်ပါဘူး။ နှစ်လ၊ သုံးလအတွင်း အင်္ဂလိပ်စာသင်လည်း အလကားပါဘဲလို့ ထင်နေတဲ့ သူတွေကို သတိလေးတစ်ခု ပေးချင်တယ်။ ဒီသင်တန်းကို လာတက်ကြည့်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ နှစ်လ၊သုံးလအတွင်းမှာ အရင်ကလို တိုးတက်မှုမရှိဘူးလို့ထင်ရင် လာပြီး တိုင်ပင် ဆွေးနွေးကြည့်လိုက်ပါ။

ဒါပေမယ့် သင့်ဘက်က အနည်းဆုံး ဆယ်တန်းအဆင့်တော့ရှိရမယ်။ တကယ် ကြိုးစားရင် တကယ်ပြောနိုင်၊ ရေးနိုင်ပါတယ်။ အာမခံပေးပါတယ်။ သင့်ဘက်က အဲဒီအဆင့် မရှိဘူးဆိုရင် အေ၊ ဘီ၊ စီ၊ ဒီ ကစသင်တဲ့ သံဃာတော်တွေ အခြေခံက စသင်တဲ့အတန်းနဲ့ နွေရာသီ ကလေးများအတွက် သီးသန့်သင်တဲ့ အတန်းတွေမှာ တက်လိုက်ပါ။ လုပ်ငန်းခွင် ဝင်မယ့်သူတွေ အတွက်လည်း အဆင်ပြေ ရောမွေ့အောင် Interview ပေးခွန်းတွေ ထပ်ပေါင်း ထည့်ကာ စာအုပ်ကို ပိုမို ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် စီမံရေးသားထားပါတယ်။

BURMESE CLASSIC

စာအုပ်သည် သိပ်မကြီးလွန်းတာကြောင့် ဘယ်နေရာသွားသွား ယူဆောင် သွားနိုင်ပါတယ်။ စာရေးသူရဲ့ ပထမဦးဆုံး English Speaking for Everyone စာအုပ် သည် စာမျက်နှာ (၉၃၅) အထိဆိုတော့ အရင်းထူနေတယ်။ သယ်ရတာ မလွယ်ကူလှပါဘူး။

ဒီပေမဲ့ ခက်ခက်ခဲခဲ အပင်ပန်းခံကာ နိုင်ငံခြားအထိ မပါ-ပါအောင် ယူသွားကြတော့ ဘယ်လောက် အသုံးဝင်သလဲဆိုတာ ပြောစရာမလိုတော့ပါဘူး။ ကြွားပြောနေတာ မဟုတ် ပါဘူးနော်၊ သိစေချင်လို့ပါ။ ဒီ " The Best Questions " စာအုပ်လေးသည် စာဖတ်သူ၊ လေ့လာသင်ယူသူ၊ ပြန်သင်ပေးသူတို့ အားလုံးအတွက် သူ့အတိုင်းအတာ တစ်ခုအထိတော့ အသုံးဝင်ပြီး အကျိုးရှိလိမ့်မယ်လို့ ယုံကြည်လျှက်.....

ဆက်လက်ကြိုးစားနေမယ့် .....

ဦးအဂ္ဂ (တောင်ငူ)

၆၊ ၂၊ ၂၀၀၉။ (ဥးဥဝ၊ ညဥန)။

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

	Introduction	1-6
၀။	VERB TO DO (Action Verb)	7
၂။	Do you+V_1^0 လိုက်၊ဟုတ်ကြောင်းကိုမေး။	10
၃။	Don't you+V_1^0 လိုက်၊မဟုတ်ကြောင်းကိုမေး။	37
၄။	VERB TO HAVE အတွက်မေးခွန်းများ	43
၅။	(perfect) ပြီးမြောက်ကာလ	42
၆။	Verb to Be ရှိသည်/ဖြစ်သည်အကြောင်း။	54
၇။	Are you + နဲ့ဟုတ်ကြောင်းကိုမေးမြန်းကြမယ်။	56
၈။	Why အတွက်မေးခွန်းဖြေပုံဖြေနည်း။	66
၉။	Why အတွက်မေးခွန်းများသီးသန့်	68
၁၀။	Where အတွက်မေးခွန်းဖြေပုံဖြေနည်း။	71
၁၁။	Where အတွက်မေးခွန်းများသီးသန့်	72
၁၂။	When အတွက်မေးခွန်းဖြေပုံဖြေနည်း။	76
၁၃။	When အတွက်မေးခွန်းများသီးသန့်	77
၁၄။	How အတွက်မေးခွန်းဖြေပုံဖြေနည်း။	80
၁၅။	How အတွက်မေးခွန်းများသီးသန့်	82
၁၆။	What အတွက်မေးခွန်းဖြေပုံဖြေနည်း။	104
၁၇။	What အတွက်မေးခွန်းများသီးသန့်	106
၁၈။	Who အတွက်မေးခွန်းဖြေပုံဖြေနည်း။	115
၁၉။	Who အတွက်မေးခွန်းများသီးသန့်	118
၂၀။	Which+N အတွက်မေးခွန်းဖြေပုံဖြေနည်း။	126
၂၁။	Which +N အတွက်မေးခွန်းများသီးသန့်	127
၂၂။	Whose+N အတွက်မေးခွန်းဖြေပုံဖြေနည်း။	131
၂၃။	Whose +N အတွက်မေးခွန်းများသီးသန့်	132

၂၄။	Modal / Helping / Auxiliary Verb	134
၂၅။	will, would, can, could, shall, should, may, might, must တို့အတွက်မေးခွန်းများ	135
၂၆။	အဓိန့်ပေးစကားပန်းတိုကျများ	146
၂၇။	Verb to Be Verb to Do ရော၍ အဓိပ္ပါယ်တူမေးခွန်းများ	149
၂၈။	ဂကျးဇူးတင်ပါတယ် စသည်ဖြင့် စကားပြောမှာ အသုံးများသော အသုံးအနှုန်းများ	155
၂၉။	May I + V_1^0 ပါရစေ	162
၃၀။	S + can / could +V_1^0 နိုင်/တတ်သည်	162
၃၁။	S+ want to / would like to + V_1^0 ချင်သည်/ဆန္ဒရှိသည်။ လုပ်ချင်/ ပြောချင်သည်။ (ကိုယ်တိုင်)	163
၃၂။	S + want (o)to / would like (o)to + V1^0 စေချင်သည်။ ဖြစ်စေချင်သည် (သူများကို)	163
၃၃။	S + should / had better + V_1^0 သင့်သည်။	164
၃၄။	S + make(o) + Adjective အောင်လုပ်သည်။	164
၃၅။	S + make(o) + V_1^0 စေ/ခိုင်း/စေခိုင်း/အောင်လုပ်သည်။	165
၃၆။	Let (o) + V_1^0 စေ၊ ခို့ ။ပါရစေ။	166
၃၇။	S + dare to / dare + V_1^0 ရဲသည်၊ ဝံ့သည်၊ ရဲဝံ့သည်၊ ပြောရက်၊ လုပ်ရက်တယ်။	166
၃၈။	S + need to + V_1^0 လိုအပ်သည်	166
၃၉။	S + can't help + Ving မလုပ်တဲ့၊ မစားဘဲ၊ မသွားဘဲမနေနိုင်။	167
၄၀။	S + be going to + V_1^0 လိမ့်မယ်/တော့မယ်	168
၄၁။	S + be able to + V_1^0 နိုင်သည်/တတ်နိုင်သည်/နိုင်စွမ်းရှိသည်။	168
၄၂။	S + be about to + V_1^0 တော့မလို့	169
၄၃။	S + used to + V_1^0 လေ့ရှိခဲ့သည်	169

www.burmeseclassic.com

www.burmeseclassic.com

၄၄။ S + Be used to + Ving / N 170
ကျင့်သားရနေပြီ။ အကျင့်ပြုစ်နေပြီ။ ရိုးနေပြီ။
၄၅။ S + must + V_1^0 ရမည် 170
၄၆။ S + Has,Have,Had to + V_1^0 ရသည် 171
၄၇။ S+ Seem to + V_1^0 / Seem + Adjective. 171
၄၈။ S + taste, sound, get, + Adjective 172
၄၉။ Not because of -----But because of---- 173
ကြောင့်မဟုတ်ပါ ---- ကြောင့်ပါ
၅၀။ Not only ---But also---/ Not only --- But --- 174
သာမက ==== လည်းပဲ။ ရှိတင်မက === လည်းပဲ
၅၁။ It's too soon to + V_1^0 စောလွန်းတယ်၊ စောသေးတယ်၊ 175
၅၂။ The sooner .....The sooner ..... မြန်မြန် အဆောတလျှင်။ 175
၅၃။ The more ..... The more ..... လေ.....လေ 176
The more .....The less ..... လေလေ.....မလေ
၅၄။ S+be+ dying for sth. I'm dying to + V_1^0 178
လုပ်ချင်လွန်းအားကြီးနေပြီ။ တစ်ပိုင်းသေနေပြီ။ ပြင်းပြသောဆန္ဒရှိသည်။
၅၅။ ....so + adjective / adverb + that+1,2 179
လောက်အောင်---ဖြစ်တယ်၊ ခက်တယ်။ လွယ်တယ်။ ပျော်တယ်စသည်---
၅၆။ S+ have a habit of +Ving 180
အကျင့်ပါနေပြီ၊ အကျင့်မရှိဘူး။ ဇါသနာပါတယ်၊ ဇါသနာမပါဘူး၊ အလေ့အထရှိတယ်။
၅၇။ S + V + too-adj / adverb to + V_1^0 182
---- လွန်းတယ်။ -- သေးတယ်။ အရမ်း---လွန်းတယ်။
၅၈။ S + be +adj / adverb enough to + V_1^0 182
ကျေနပ်လောက်အောင်၊ လုံလုံလောက်လောက်၊ အလောတော်။
၅၉။ S + V + more than 1,2 183
S + V + more than + N,pron ထက်၊ အောက်၊
၆၀။ S + swear / fail / arrange / intend + to +V_1^0 184

၆၀။ Whether you like it or not 185
အဲ့အိုးကို မင်းကြိုက်ကြိုက် မကြိုက်ကြိုက်
၆၂။ Go to / Go and / Go + V_1^0 186
၆၃။ Come and / Come to / Come + V_1^0 186
၆၄။ Do as you + V 187
၆၅။ It's time to + $V_1$0 အချိန်ကျပြီ။ အချိန်တန်ပြီ၊ အချိန်ရောက်ပြီ။ 188
၆၆။ It's better to ပိုကောင်းတာပေါ့ဗျာ 188
၆၇။ Be+ shy/desirous/proud to + $V_1$0 189
၆၈။ Hardly, rarely, scarcely, seldom 190
ပြောခဲ-လုပ်ခဲ-ငိုခဲ-ရန်ဖြစ်ခဲပါတယ်-အနိုင်နိုင်။
၆၉။ It's + hard/nice/necessary to + $V_1$0 190
၇၀။ ယဉ်ယဉ်ကျေးကျေးဇိတ်ကြားချက်တစ်ရပ်ကိုအသုံးပြုပုံ 191
Would you like + N -----?
၇၁။ Would you like + Ving ----? 192
၇၂။ I'm sure to + $V_1$0 သေချာတယ်။ 192
၇၃။ I'm not sure how/where/when/whether/what 193
၇၄။ Be +astonished to + $V_1$0 / that + 1,2 194
၇၅။ To + $V_1$0 လုပ်ဖို့ လုပ်ရန်။ 195
၇၆။ အပိန့်ပေးပုံ၊ တောင်းပန်ပုံများ။ 196
၇၇။ Please + $V_1$0 ယဉ်ကျေးဖွယ်ရာမှာပြုလုပ်ရန်တောင်းပန်ဖို့သည်။ 197
၇၈။ Please don't + $V_1$0 မလုပ်ရန် တောင်းပန်ပုံ 197
၇၉။ BE + N နဲ့ အပိန့်ပေး/တောင်းပန်ပုံ 198
၈၀။ Be + Place အပိန့်ပေး/တောင်းပန်ပုံ 200
၈၁။ BE + Ved /en (past participle) 201
အပိန့်ပေး/ တောင်းပန်ပုံ
၈၂။ BE + Adjective အပိန့်ပေး/တောင်းပန်ပုံ 202

www.burmeseclassic.com

www.burmeseclassic.com

၃၃။	ဝါကျ နှစ်ကြောင်း၊ သုံးကြောင်း ရေးပုံ ရေးနည်း၊ ပြောပုံ ပြောနည်းများ။	206
၃၄။	Subordinating Conjunctions	209
	(Complex Sentences အတွက်မှီခိုစကားဆက်များ။)	
၃၅။	Coordinating Conjunctions	219
	(Compound Sentences အတွက်-ပေါင်းစပ်စကားဆက်များ။)	
၃၆။	HRASE PREPOSITION (စကားရုတွဲဝိဘတ်)	224
၃၇။	PARTICIPAL PREPOSITION	224
	(ဖြစ်ဆဲပြ/အနေအထားပြဝိဘတ်)	
၃၈။	Only Interview Questions	229
၃၉။	Proverbs ..စကားပုံများ။	259
၄၀။	Five precepts .. ငါးပါးသီလအကြောင်း။	282
၄၁။	THE TEACHING (ဒေသနာ)	283
၄၂။	မေတ္တာသုတ်ရွတ်ပုံလက်ဆောင်ပုစ္ဆာများ။	284
၄၃။	CONCENTRATION ON LOVING KINDNESS	285
	မေတ္တာ ဘာဝနာ စီးပျံနိုး ပွားများပုံ။	
၄၄။	တရားရွတ်အားထုတ်ရန်ကျင့်စဉ်လက်ဝဲသံပေါက်များ	287
၄၅။	မတ်တုတ်ရားနှင့် တရား သံဃာ ဖိဘ ဆရာ အနန္တ ငါးပြာ	290
	ကိုးကွယ်အားထားရာအစစ်ပါ။	
၄၆။	ဒါန သီလ ဘာဝနာ ကျင့်စဉ်သုံးပြာ နေ့တိုင်းမှန်တွာ	290
	ကျင့်ကြံအားထုတ်ရမည့်တရားပါ။	
၄၇။	"THE FOUR NOBLE TRUTHS"	290
	သစ္စာလေးပါး မြတ်တရား	
၄၈။	"EXPLANATION OF EACH BLESSING"	291
	သုံးဆယ့်ရှစ်ပြာ မင်္ဂလာ	

အင်္ဂလိပ်စာကို လေ့လာမယ်ဆိုရင် အရင်ဆုံး သူတို့လူမျိုးတွေ မပြောမဖြစ် ပြောနေကြတဲ့ Thank you.ကျေးဇူးတင်ပါတယ်၊ Sorry. စိတ်မကောင်းပါဘူးဝမ်းနည်းပါတယ်စသည်ဖြင့် ဧနုစဉ်သုံး စကားတွေကို ဘယ်နေရာရောက်ရောက် သုံးနိုင်အောင် ပြောနိုင်အောင် နှုတ်အကျင့်ရအောင် လုပ်ထားပါ။ယဉ်ကျေးမှုအရလူမှုဆက်ဆံရေးနယ်ပယ်မှာအသုံးတည့်လာပါလိမ့်မယ်။

ဆိုကြပါဦို့..... သူက ကူညီပေမယ့် အဲဒီလူကို ကိုယ့်ထက်နိမ့်ကျလို့၊ ဘဝင်မကျလို့ အမြင်ကတ်လို့ ကျေးဇူးမတင်ချင်လို့ Thank you. ကျေးဇူးတင်ပါတယ်ဆိုတဲ့ စကားကို မပြောဘူး ဆိုရင် မပြောတဲ့သူက ရိုင်းရောကြမယ်။ လူမှုရေးမသိတတ်ရာရောက်မယ်။ စိတ်ထဲကပါပါ၊ မပါပါ ဒီစကားကို ပြောဖို့ ကြိုးစားကြည့်ပါ။ နောက်တစ်ခု ကိုယ်နဲ့သိတဲ့ လူတစ်ယောက် တစ်ခုတစ်ခု ဖြစ်ရင် ဒုက္ခရောက်နေရင် ဝမ်းနည်းစရာတွေနဲ့ ကြုံနေရင် သူဖြစ်တဲ့ အဖြစ်အပျက်ပေါ်မှာ ကိုယ့်ရင်ထဲက ပျော်နေရင်း ဝမ်းသာနေရင်တောင် Sorry. စိတ်မကောင်းပါဘူး ဆိုတဲ့စကားကို ပြောနိုင်အောင် ကြိုးစားပေးပါ။ လူမှုဆက်ဆံရေးနယ်ပယ်မှာ လူရာဝင်လာပါလိမ့်မယ်။ လူယဉ်ကျေးလေးတစ်ယောက် ဖြစ်လာပါလိမ့်မယ်။

Good morning.	မင်္ဂလာနံနက်ခင်းပါခင်ဗျာ။
Good morning all of you.	အားလုံးမင်္ဂလာနံနက်ခင်းပါခင်ဗျာ။
Good morning everyone.	အားလုံးမင်္ဂလာနံနက်ခင်းပါခင်ဗျာ။
Good moring everybody.	အားလုံးမင်္ဂလာနံနက်ခင်းပါခင်ဗျာ။

(ည-၁၂-နာရီထိုးပြီးကနေနောက်နေ့နံနက်-၁၂-နာရီမထိုးခင်အထိ၊ကိုသုံးနိုင်ပါတယ်။)

Good afternoon.	မင်္ဂလာနေ့လယ်ခင်းပါခင်ဗျာ။
Good afternoon all of you.	အားလုံးမင်္ဂလာနေ့လည်ခင်းပါခင်ဗျာ။
Good afternoon everyone.	အားလုံးမင်္ဂလာနေ့လယ်ခင်းပါခင်ဗျာ။
Good afternoon everybody.	အားလုံးမင်္ဂလာနေ့လယ်ခင်းပါခင်ဗျာ။

(နေ့လယ်၁၂နာရီထိုးပြီးကနေညနေ၄၃-နာရီမထိုးခင်လောက်အထိ၊နေရာဒေသလိုက်၍သုံးကြပါ။)

Good evening.	မင်္ဂလာညနေခင်းပါခင်ဗျာ။
Good evening all of you.	အားလုံးမင်္ဂလာညနေခင်းပါခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

Good evening everyone. အားလုံးမင်္ဂလာညနေခင်းပါခင်ဗျာ။
Good evening everybody. အားလုံးမင်္ဂလာညနေခင်းပါခင်ဗျာ။
(၄-နာရီကျော်ကျော်လောက်ကနေညဉ့်-နာရီအထိသုံးပါ။)

Good night. မင်္ဂလာညချမ်းပါခင်ဗျာ။

ဒီနှုတ်ဆက်ခြင်းကိုတော့ ခွဲခွါတဲ့အခါ တစ်ခုတည်းမှာသာသုံးပါ။ တစ်ဦးနဲ့တစ်ဦး ဝတွေ့ရင် ဒီစကားကို နှုတ်မဆက်မိစေဖို့ အရေးကြီးသည်။ အချိန်ကန့်သတ်ခြင်းအားပြင့်ပြောရရင် နေ့ည ရယ်လို့ မဆိုလို နေ့ခင်းမှာလည်း သုံးနိုင်ပါသည်။ ဆိုကြပါစို့ ရုံးဆင်းချိန်ဆိုပါတော့ တကယ်တန်းဆို ညနေပဲရှိသေးတယ်။ ဒီနေ့မှာ အဲ့ဒီလူနဲ့ ကိုယ်နဲ့ထပ်တွေ့စရာမရှိတော့ဘူးလို့ယူဆရင်နေ့ခင်းဖြစ်နေပါစေ Good night.ဆိုတဲ့အသုံးအနှုန်းကိုပြောနိုင်ပါတယ်။ တစ်ချို့ဆို မွေးနေ့ပွဲလေးကို ညချမ်းအချိန်အခါညည(၇)နာရီ(၈)နာရီလောက်မှ ကျင်းပကြတော့ဦးချုပ်လို့ ညဘက်ရောက်နေပြီလေ ဗိုလ်တောထဲမှာဆိုတော့လည်း သူကိုအများတကာ အထင်ကြီးစေချင်တော့ မွေးနေ့ရှင်ကိုတွေ့တွေ့ချင်းအင်္ဂလိပ်လို Good night.လို့ပြောလိုက်တော့တာပဲ။Good night.ဆိုတာ ပြန်တော့မယ်နော် ကောင်းသောညလေးဖြစ်ပါစေလို့ ကောင်းချီးပေး ဆုတောင်းလိုက်တဲ့ သဘောလေးမျှသာပါ။ ကိုယ်ကမွေးနေ့ပွဲလေးကိုပျော်ပျော်ပါးပါးဆင်နွှဲဖို့ရောက်လာတာရောက်ရောက်ချင်း Good night.ဆိုတော့ သိတဲ့လူတွေအတွက် ရယ်စရာကြီးဖြစ်နေတယ်။ ဒါတွေကို မလိုအပ်ပေမယ့် သိထားစေချင်လို့ အခုလို ရေးထည့်ပေးလိုက်ရတာပါ။သတိထားပြောစေချင်ပါတယ်။

How are you this morning? (afternoon/ evening?)
ဒီမနက်နေကောင်းပါသလား။

ဒီနှုတ်က ဘယ်လိုနေပါသလဲ၊ နေကောင်းရဲ့လား၊လို့မေးလိုက်တာပါ။ ဒါပေမယ့် လူတွေတော်တော်များများကတော့ Yes, နဲ့ပြန်ဖြေကြတယ်။ဟုတ်ကဲ့၊နေကောင်းပါတယ်၊ဟုတ်ကဲ့ဆိုတာ Yes နဲ့တူနေတော့မှားတော့တာပေါ့။ W/H မေးခွန်းတွေမှန်ရင် Yes,No နဲ့ဘယ်တော့မှပြန်မဖြေရဘူးမှတ်ပါ။သတိပြုပါများတတ်သည်။

Fine. Thank you. And you?
နေကောင်းပါတယ်။ကျေးဇူးတင်ပါတယ်။ခင်ဗျားကောဘယ်လိုလဲနေကောင်းရဲ့လား။
I'm too. Thank you. ကျွန်တော်လည်းနေကောင်းပါတယ်။ကျေးဇူးတင်ပါတယ်။

Nice to see you. တွေ့ရတာဝမ်းသာပါတယ်။
Nice to meet you. တွေ့ရတာဝမ်းသာပါတယ်။

Glad to see you. တွေ့ရတာဝမ်းသာပါတယ်။
Glad to meet you. တွေ့ရတာဝမ်းသာပါတယ်။

Happy to see you. တွေ့ရတာဝမ်းသာပါတယ်။
Happy to meet you. တွေ့ရတာဝမ်းသာပါတယ်။
Good to see you. တွေ့ရတာဝမ်းသာပါတယ်။
Good to meet you. တွေ့ရတာဝမ်းသာပါတယ်။

Delighted to see you. တွေ့ရတာဝမ်းသာပါတယ်။
Delighted to meet you. တွေ့ရတာဝမ်းသာပါတယ်။

Pleased to see you. တွေ့ရတာဝမ်းသာပါတယ်။
Pleased to meet you. တွေ့ရတာဝမ်းသာပါတယ်။

အထက်ကသူပြောတဲ့စကားအတိုင်းပြန်ဖြေပေးပါ။နောက်မှာ100ကိုထပ်ထည့်ပေးရုံပါပဲ။

Nice to see you too. ကျွန်တော်လည်းပဲခင်ဗျားကိုတွေ့ရတာဝမ်းသာပါတယ်။
Nice to meet you too. ကျွန်တော်လည်းပဲခင်ဗျားကိုတွေ့ရတာဝမ်းသာပါတယ်။
Me too. ကျွန်တော်လည်းပဲတွေ့ရတာဝမ်းသာပါတယ်။

Firstly, I apologize to forgive me if I make mistake because my English is so weak but I'm going to speak as much as I can.
ကျွန်တော့်အင်္ဂလိပ်စာညံ့တဲ့အတွက်ကြောင့်အမှားပါရင်ခွင့်လွှတ်ဖို့ဦးစွာပထမတောင်းပန်ချင်ပါတယ်။
ဒါပေမယ့်အစွမ်းကုန်ကြိုးစားပြီးပြောကြည့်ပါ့မယ်။

www.burmeseclassic.com

www.burmeseclassic.com

May I introduce myself?
ကိုယ်တိုင်ပဲဝိတ်ဆက်ပါရစေဗျာ။
I'm Aung Kyaw Moe.
ကျွန်တော်အောင်ကျော်မိုးဖြစ်ပါတယ်။

အစစ်းလေ့ကျင့်လို့ရအောင် လွယ်ကူသော အမေး အဖြေအတွက် မေးခွန်းတွေကို အနည်းငယ် ဖေးကြည်၊ ဖြေကြည့်ကြရအောင်ပါ။

How old are you?
မင်းအသက်ဘယ်လောက်ရှိပြီလဲ။
I am 40 years old.(or) I'm fourty.
ကျွန်တော့်အသက်လေးဆယ်ဖြစ်ပါတယ်။

May I know your father's name?
မင်းအဖေရဲ့နာမည်ကိုသိပါရစေ။
My father is U San Tin. He is U San Tin. His name is U San Tin.
ကျွန်တော့်အဖေကဦစံတင်ဖြစ်ပါတယ်။

What's your mother's name?
မင်းအမေနာမည်ကဘာလဲ။
My mother is Daw Kyi Shwe. Her name is / She is Daw Kyi Shwe.
ကျွန်တော့်အမေကအေကြည်ရွှေဖြစ်ပါတယ်။

How many brothers and sisters do you have?
မင်းမှာညီအစ်ကိုမောင်နှစ်မဘယ်နှစ်ယောက်ရှိပါသလဲ။
I have one elder brother, one elder sister and four younger brothers.
ကျွန်တော့်မှာအစ်ကိုတစ်ယောက်အစ်မတစ်ယောက်နဲ့ညီလေးယောက်ရှိပါတယ်။

Are you happy to attend in this class?
မင်းဒီသင်တန်းမှာတက်ရတာပျော်ပါသလား။
Yes, I'm happy to attend in this class.
ဟုတ်ကဲ့၊ကျွန်တော်ဒီသင်တန်းမှာတက်ရတာပျော်ပါတယ်။

Where do you live?
မင်းဘယ်မှာနေပါသလဲ။
I live in South Okkalapa.
ကျွန်တော်တောင်ဥက္ကလာပမှာနေပါတယ်။

Where were you born?
မင်းဘယ်မှာမွေးပါသလဲ။
I was born in Taungoo.
ကျွန်တော်တောင်ငူမှာနေပါတယ်။

Why do you attend English speaking class?
မင်းဘာ့ကြောင့်အင်္ဂလိပ်စကားပြောသင်တန်းတက်တာလဲ။
I attend English speaking class because I want to improve my English speaking power.
ကျွန်တော့်အင်္ဂလိပ်စကားပြောစွမ်းရည်တိုးတက်ချင်လို့သင်တန်းလာတက်တာပါ။

When do you get up in the morning?
မင်းမနက်မှာဘယ်အချိန်အိပ်ရာထပါသလဲ။
I get up in the morning round about 5 o'clock.
၅-နာရီလောက်မှာမနက်တိုင်းအိပ်ရာထပါတယ်။
I get up at five o'clock in the morning.
၅-နာရီမှာမနက်တိုင်းအိပ်ရာထပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

Who is your favourite vocalist?

မင်းရဲ့အကြိုက်ဆုံးအဆိုတော်ကဘယ်သူလဲ။

My favourite vocalist is Lay Phyu.

Lay Phyu is my favourite vocalist.

ကျွန်တော့်ရဲ့အကြိုက်ဆုံးအဆိုတော်ကလေးပြုံးဖြစ်ပါတယ်။

How should I attempt to be skillful in English speaking?

အင်္ဂလိပ်စကားပြောကိုကျွမ်းကျင်ဖို့ဘယ်လိုကြိုးစားသင့်ပါသလဲ။

You should attempt to be skillful in English speaking by making a pair-talking with everyone, making a talk-show in front of the class and asking a lot of questions.

လူတိုင်းနဲ့နှစ်ယောက်တစ်တွဲပြောဆိုခြင်း၊အတန်းရှေ့မှာထွက်ပြောခြင်း၊မေးခွန်းတွေများများမေးခြင်းဖြင့် အင်္ဂလိပ်စကားပြောကျွမ်းကျင်ဖို့မင်းကြိုးစားသင့်ပါတယ်။

ဒီအပေး၊ အဖြေများသည် နမူနာပုံစံ ပေးရုံသာ တင်ပြထားခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းတွေနဲ့ အဖြေတွေကို သဘောကျချင်ကျမယ်။ အဲ့ဒီ အဓိကမဟုတ်ပါဘူး။ အောက်မှာ မေးခွန်းတွေကို သူကြိုယာနဲ့လူ ကဏ္ဍအလိုက် ခွဲခြား၍ အင်္ဂလိပ်စာ လေ့လာလိုက်စားသူများ အားလုံး အဆင်ပြေစေဖို့ တင်ပြထားပါတယ်။ **လာမေးမေးခွန်းအတွက် အဖြေပုံသေ၊ လဲမေးခွန်းအတွက် အဖြေတစ်ဝက် ကိုလည်း** အင်္ဂလိပ်စာ လေ့လာလိုက်စားနေကြတဲ့သူတွေ ဘယ်လိုဖြေရမလဲဆိုတာ ကောင်းကောင်း သဘောပေါက်တော့ ခက်တယ်လို့ ထင်နေကြတယ် သိပ်မခက်လှပါဘူး။ ဆက်လေ့လာ ကြည့်လိုက်ပါဦး။

VERB TO DO (Action Verb)

သွားသည်၊လာသည်၊စားသည်၊နေသည်၊ထိုင်သည်စသည်ဖြင့်ပြုမူလှုပ်ရှားသောကြိယာကို (Verb to Do) Action Verb ဟုခေါ်ပါသည်။ဒီအခန်းကဏ္ဍသည်ကြိယာများအကြောင်းကို သင်ကြားလေ့လာတာ ဖြစ်တဲ့အတွက်ကြောင့် ကြိယာများကို များများရအောင် လေ့လာ ကျက်မှတ်ပါ။

1- Simple Present Tense - ရိုးရိုးပစ္စုပ္ပန်ကာလ။

do - (အများ) does - (အနည်း)

2- Simple Past Tense - ရိုးရိုးအတိတ်ကာလ။

did - (အနည်း/အများသိုးသန့်မရှိ)

3- Simple Future Tense - ရိုးရိုးအနာဂတ်ကာလ။

will	would
shall	should
can	could
may	might
must	must

+ do (အနည်း/အများသိုးသန့်မရှိ)

အောက်ဖော်ပြပါ ဇယားကွက်နှင့် စကားလေးခွန်းကို အရင်ကျက်မှတ်ပြီးမှ ကျန်တာ တွေကို ဆက်လက်လေ့လာပါ။ ဒီကြိယာနဲ့ပတ်သက်တာ အားလုံး၊ အလွယ်တကူ နားလည်လာ လိမ့်မယ်။ အပြုတန်းအတွက် ဒီလေးတွေ ကျက်မှတ်ရတာ ဘယ်လောက်မှ မများဘူးနော်။

နှစ်ချိုးလုံး	စာရေးရင်	စကားပြောရင်
do	do not	don't
does	does not	doesn't
did	did not	didn't
will do	will not do	won't do

www.burmeseclassic.com

www.burmeseclassic.com

(1) You speak English. မင်းအင်္ဂလိပ်စကားပြောတယ်။
(2) You don't speak English. မင်း အင်္ဂလိပ်စကား မပြောဘူး။
(3) Do you speak English? မင်း အင်္ဂလိပ်စကား ပြောသလား။
(4) Don't you speak English? မင်း အင်္ဂလိပ်စကား မပြောဘူးလား။

ရိုးရိုးမေးခွန်းမြန်မာလို(လား)နဲ့ထိုးတဲ့မေးခွန်း Yes, No နဲ့ဖြေလို့ရသော 3,4 နှင့် ကြိုက်နှစ်သက်ရာမေး။

တုတ်တဲ့အကြောင်းကိုပြောချင်/ရေးချင်ရင်= Yes, +1
မဟုတ်တဲ့အကြောင်းကိုပြောချင်/ရေးချင်ရင်= No, +2

ဒီမေးခွန်း နှစ်ခွန်းထဲက ကြိုက်နှစ်သက်ရာနဲ့မေး အဖြေသည် ပုံသေဖြစ်ပါတယ်။ တုတ်တာနဲ့မေးလို့ တုတ်ပါတယ်လို့ ပြန်ဖြေစရာမလိုပါ။ မဟုတ်တာနဲ့ မေးလို့ မဟုတ်ပါဘူးလို့ ပြန်ဖြေစရာမလိုပါဘူး။ ကိုယ့်သဘော အတိုင်း ဒီအဖြေနှစ်ခုထဲက တစ်ခုတစ်ခုကို ပြန်ဖြေနိုင်ပါတယ်။
အပေယ်W/H မေးခွန်း(ဇော်)လားမေးခွန်းတွေကတော့ဟုတ်တာနဲ့မေးရင်ဟုတ်တာနဲ့ပြန်ဖြေ၊ မဟုတ်တာနဲ့ မေးရင် မဟုတ်တာနဲ့ ပြန်ဖြေရတာကို သတိထားစေချင်ပါတယ်။ ဒီအတွက် တစ်နေရာမှာ ဥပမာ ပြထားလိုမ့်မည်။ အောက်မှာ ရိုးရိုးမေးခွန်းတွေ မေးထားလိမ့်မယ်။ လေ့ကျင့်ကြည့်ပါ။

Q: Do you come here? မင်းဒီကို လာတာလား။
A: Yes, I come here. ဟုတ်ကဲ့, ကျွန်တော် ဒီကို လာတာပါ။
No, I don't come here. ဟင့်အင်း, ကျွန်တော် ဒီကို လာတာမဟုတ်ဘူး။
Yes, I do. ဟုတ်တယ်,ဒီကိုလာတာ။
No, I don't. ဟင့်အင်း,ဒီကိုလာတာမဟုတ်ဘူး။

Q: Do you speak English everyday?
မင်းနေ့စဉ် အင်္ဂလိပ်စကား ပြောပါလား။
A: Yes, I speak English everyday.
ဟုတ်ကဲ့, ကျွန်တော် နေ့စဉ် အင်္ဂလိပ်စကား ပြောပါတယ်။

No, I don't speak English everyday.
ဟင့်အင်း, ကျွန်တော် နေ့စဉ် အင်္ဂလိပ်စကား မပြောပါဘူး။
Yes, I do. ဟုတ်တယ်,ပြောပါတယ်။
No, I don't. ဟင့်အင်း,မပြောပါဘူး။

Q: Do you watch T.V everynight?
မင်း ညစဉ် တီဗီကြည့်ပါသလား။

A: Yes, I watch T.V everynight.
ဟုတ်ကဲ့, ကျွန်တော် ညစဉ် တီဗီကြည့်ပါတယ်။
No, I don't watch T.V everynight.
ဟင့်အင်း, ကျွန်တော် ညစဉ် တီဗီ မကြည့်ပါဘူး။
Yes, I do. ဟုတ်တယ်,ကြည့်ပါတယ်။
No, I don't. ဟင့်အင်း,မကြည့်ပါဘူး။

Q: Don't you believe them?
မင်း သူတို့ကို မယုံဘူးလား။

A: Yes, I believe them.
ဟုတ်ကဲ့, ကျွန်တော် သူတို့ကို ယုံပါတယ်။

No, I don't believe them.
ဟင့်အင်း, ကျွန်တော် သူတို့ကို မယုံဘူး။

Yes, I do. ဟုတ်တယ်,ယုံပါတယ်။
No, I don't. ဟင့်အင်း,မယုံဘူး။

www.burmeseclassic.com

www.burmeseclassic.com

Q: Don't you like it? မင်းအဲ့ဒါကိုမကြိုက်ဘူးလား။

A: Yes, I like it. ဟုတ်ကဲ့၊ ကျွန်တော် အဲ့ဒါကို ကြိုက်ပါတယ်။
No, I don't like it. ဟင့်အင်း၊ ကျွန်တော် အဲ့ဒါကို မကြိုက်ဘူး။
Yes, I do. ဟုတ်တယ်,ကြိုက်ပါတယ်။
No, I don't. ဟင့်အင်း,မကြိုက်ဘူး။

မှတ်ချက်

အောက်ဖော်ပြပါမေးခွန်းများသည်ရိုးရိုးမေးခွန်း၊လှန်းမေးခွန်း၊ Yes,Noနှင့်ဖြေလို့ရသောမေးခွန်းများဖြစ်ပါသည်။ဒီမေးခွန်းများရဲ့အဖြေသည် အပေါ်ကပုံစံအတိုင်းပုံသေဖြစ်ပါသည်။ဟုတ်တယ်/မဟုတ်ဘူးနှစ်ခုကို မိမိနှစ်သက်ရာ ရွေးချယ်ဖြေဆိုပါ။

Do you+V$_1$? လိုက်၊(တုတ်ကြောင်းကိုမေးတယ်၊တုတ်သလားလို့မေးတယ်၊)

Do you speak English everyday?
မင်း နေ့စဉ်အင်္ဂလိပ်စကားပြောသလား။

Do you attend English speaking class?
မင်း အင်္ဂလိပ်စကားပြောသင်တန်းတက်ပါသလား။

Do you attend another class for English speaking?
မင်း တစ်ခြားအင်္ဂလိပ်စကားပြောသင်တန်းတွေ တက်ပါသေးသလား။

Do you watch T.V everynight?
ညစဉ် တီဗွီကြည့်ပါသလား။

Do you want to go abroad?
မင်း နိုင်ငံခြားသွားချင်ပါသလား။

Do you take meditation everyday?
ခင်ဗျား နေ့စဉ်တရားထိုင်ပါသလား။

Do you count beats everynight?
ခင်ဗျား ညစဉ်ပုတီးစိပ်ပါသလား။

Do you have a lover?
မင်းမှာ ချစ်သူရှိပါသလား။

Do you have a sweet-heart?
မင်းမှာ ရည်းစား ရှိပါသလား။

Do you recite paritta and patthana everynight?
ခင်ဗျား ပရိတ်ကြိုးနှင့် ပဋ္ဌာန်းကို ညစဉ်ရွတ်ဆိုပါသလား။

Do you dare to speak English everywhere?
နေရာတိုင်းမှာ အင်္ဂလိပ်စကား ပြောရဲပါသလား။

Do you love to speak English everytime?
အချိန်တိုင်းမှာ အင်္ဂလိပ်စကားပြောရတာကို နှစ်သက်ပါသလား။

Do you like to help other people?
တခြားလူတွေကို ကူညီရတာ နှစ်သက်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Do you admire the promise given your life?
မင်းဘဝမှာ ပေးပြီးသားကတိကို တန်ဖိုးထားပါသလား။

Do you love the people who are making believe?
ခင်ဗျား ဟန်ဆောင်တဲ့သူတွေကို နှစ်သက်သဘောကျပါသလား။

Do you pay respect to your parents everynight before in bed?
အိပ်ရာမဝင်ခင် မိဘတွေကို ညစဉ်ရှိခိုးအိပ်ပါသလား။

Do you content like this if you are satisfied in your life?
မင်းဘဝမှာ ကျေနပ်တယ်ဆိုရင် ဒီလိုပဲ ရောင့်ရဲတင်းတိမ်နေသလား။

Do you like even if I polish an apple upon you?
မင်းအပေါ် ငါက တစ်ချိန်လုံး ဖားနေရင် သဘောကျပါသလား။

Do you love naughty girls?
ချွဲနွဲ့တတ်တဲ့ မိန်းကလေးတွေကို ချစ်ခင်နှစ်သက်ပါသလား။

Do you have a dream your parents' gratitude?
မင်း မိဘတွေရဲ့ကျေးဇူးတရားတွေကို တွေးတောစိတ်ကူး ဖူးပါသလား။

Do you have any idea to pay back your parents' benefit?
မင်းမိဘတွေရဲ့ကျေးဇူးတရားတွေကို ပြန်ဆပ်ဖို့စိတ်ကူးရှိပါသလား။

Do you like to dance?
မင်း ကရတာ၊ ကြိုက်နှစ်သက်ပါသလား။

Do you like to sing the song?
မင်း သီချင်းဆိုရတာကို ကြိုက်နှစ်သက်ပါသလား။

Do you read a lot?
စာဖတ်ရတာကို ကြိုက်နှစ်သက်ပါသလား။

Do you take exercise for your health everyday?
မင်းကျန်းမာရေးအတွက် နေ့စဉ် လေ့ကျင့်ခန်း လုပ်ပါသလား။

Do you have sensitive mind? Are you sensitive?
မင်း စိတ်ဆတ်ပါသလား။ စိတ်တိုလွယ်ပါသလား။

Do you have a cat?
မင်းမှာ ကြောင် ရှိပါသလား။

Do you like to read cartoon?
မင်း ကာတွန်းဖတ်ရတာကို ကြိုက်နှစ်သက်ပါသလား။

Do you like reading novels?
မင်းဝတ္ထုစာအုပ်တွေဖတ်ရတာကိုနှစ်သက်ပါသလား။

Do you play football every evening?
ခင်ဗျား ညနေတိုင်း ဘောလုံးကန်ပါသလား။

Do you like to play TV game?
တီဗီဂိမ်းကစားရတာ နှစ်သက်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Do you desire to work for your living?
မင်း ဘဝရပ်တည်ဖို့အတွက် အလုပ်လုပ်ဖို့ ဆန္ဒရှိပါသလား။

Do you think English is easy and simple?
မင်း အင်္ဂလိပ်စာ လွယ်ကူ ရှင်းလင်းတယ်လို့ ထင်ပါသလား။

Do you have a passport to visit or work abroad?
မင်း နိုင်ငံခြားမှာ အလုပ်လုပ်ဖို့၊ အလည်သွားဖို့ နိုင်ငံကူးလက်မှတ် ရှိပါသလား။

Do you usually cry whenever you feel sad?
မင်း ဝမ်းနည်းတဲ့အခါတိုင်း ငိုလေ့ရှိပါသလား။

Do you accept Time and Tide waits for no man?
မင်း အချိန်နှင့်ဒီရေသည် လူကို မစောင့်ဆိုတာ လက်ခံပါသလား။

Do you want to become a rich one?
မင်း လူချမ်းသာ တစ်ယောက်ဖြစ်ချင်ပါသလား။

Do you want to be good son or daughter?
မင်း သား/သမီး လိမ္မာလေး ဖြစ်ချင်ပါသလား။

Do you have an idea to pay back your parents' gratitude?
မင်း မိဘကျေးဇူးကို ပြန်ဆပ်ဖို့ စိတ်ကူးရှိပါသလား။

Do you think you'll be rich in future?
မင်း အနာဂတ်မှာ ချမ်းသာမယ်လို့ ထင်ပါသလား။

Does anyone have true love?
လူတိုင်းမှာ အချစ်စစ်ဆိုတာ ရှိပါသလား။

Do you accept if you are attractive?
မင်းက ဆွဲဆောင်မှုရှိတယ်ဆိုရင် လက်ခံပါသလား။

Do you accept if someone points out your fault?
မင်းအမှားကို တစ်ယောက်ယောက်က ထောက်ပြရင် လက်ခံပါသလား။

Do you usually participate in religious affairs?
ဘာသာရေး ကိစ္စတွေမှာ ခင်ဗျားပါဝင်ဆောင်ရွက်လေ့ရှိပါသလား။

Do you usually take part in social affairs?
မင်း လူမှုရေးကိစ္စတွေမှာ ပါဝင်ဆောင်ရွက်လေ့ရှိပါသလား။

Do you think you'll be successful whatever you do in your life?
မင်းဘဝမှာ ဘာပဲလုပ်လုပ် အောင်မြင်မယ်လို့ မင်းထင်ပါသလား။

Do youagree you must speak a lot if you wish to increase your English?
မင်းရဲ့အင်္ဂလိပ်စာ တိုးတက်ချင်ရင် အင်္ဂလိပ်စကား များများပြောရမယ်ဆိုတာ လက်ခံပါသလား။

Do you realize yourself that you have interesting style?
မင်းမှာ စိတ်ဝင်စားဖွယ်ကောင်းတဲ့ စတိုင်လေးရှိတယ်ဆိုတာ မင်းကိုယ်တိုင်ကောသိရဲ့လား။

Do you like going shopping at the weekend?
စနေ၊ တနင်္ဂနွေ ဆိုရင် ဈေးဝယ်ထွက်ရတာကို ကြိုက်နှစ်သက်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Do you like smoking sometimes?
တစ်ခါတစ်ရံ ဆေးလိပ်သောက်ရတာကို နှစ်သက်ပါသလား။

Do you like criticizing about others?
အခြားလူတွေကို ဝေဖန်ရတာ ကြိုက်နှစ်သက်ပါသလား။

Do you have any method to succeed for your life?
မင်းဘဝအတွက် အောင်မြင်ဖို့ နည်းလမ်းတွေရှိပါသလား။

Do you believe past and future life?
မင်း ရှေ့ဘဝ၊ နောက်ဘဝတွေကို ယုံကြည်ပါသလား။

Do you like walking in rainy day without umbrella?
မိုးရွာထဲမှာ ထီးမပါဘဲ လမ်းလျှောက်ထွက်ရတာ ကြိုက်နှစ်သက်ပါသလား။

Do you like looking at the stars in the sky sometimes?
တစ်ခါတရံ ကောင်းကင်ကြီးကို မော့ကြည့်ပြီး ကြယ်လေးတွေကိုကြည့်ရတာ သဘောကျပါသလား။

Do you think that love is essential for human?
လူသားတွေအတွက် အချစ်ဟာ တကယ်အရေးကြီးတယ်လို့ ထင်ပါသလား။

Do you like answering any questions whoever asks you?
ဘယ်သူကမေးမေး မေးခွန်းတိုင်းကို ဖြေကြားချင်ပါသလား။

Do you accept the time goes on regularly?
အချိန်တွေဟာ တရွေ့ရွေ့ကုန်ဆုံးနေတာကို သင်လက်ခံပါသလား။

Do you agree the time flies quickly?
အချိန်တွေ ကုန်လွယ်တယ်ဆိုတာ သင် လက်ခံပါသလား။

Do you pay respect to the elders daily?
မင်း နေ့စဉ် ဂုဏ်ပါကြီးသူတွေကို ကန်တော့ပါသလား။

Do you use an alarm clock to wake up early-morning?
မင်း နံနက်တိုင်း စောစောအိပ်ရာထဖို့ နှိုးစက်ကို အသုံးပြုပါသလား။

Do you like romance movie?
မင်း အချစ်ဇာတ်လမ်းလေးတွေကို ကြိုက်နှစ်သက်ပါသလား။

Do you understand English language easily?
ဝင်ဗျား အဲဂ်လိပ်ဘာသာကို လွယ်လွယ်ကူကူ နားလည်ပါသလား။

Do you think that English language is very easy?
အင်္ဂလိပ်ဘာသာဟာ လွယ်ကူတယ်လို့ သင် ထင်ပါသလား။

Do you like fruits?
မင်း သစ်သီးတွေကို ကြိုက်နှစ်သက်ပါသလား။

Do you like pickled-tea slad?
ဝင်ဗျား လက်သုပ် ကြိုက်နှစ်သက်ပါသလား။

Do you like Shan noodle for breakfast?
နံနက်စာအတွက် ရှမ်းခေါက်ဆွဲကို ကြိုက်နှစ်သက်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Do you like taking meditation?
မင်း တရားထိုင်ရတာကို ကြိုက်နှစ်ပါသလား။

Do you believe easily if the strangers who you haven't seen say something?
မင်း မမြင်ဖူးတဲ့ သူစိမ်းတွေ တစ်ခုခုပြောလာရင် လွယ်လွယ်နဲ့ယုံကြည်တတ်ပါသလား။

Do you attend the University supported by your parents?
မင်း မိဘတွေရဲ့ အထောက်အပံ့နဲ့ တက္ကသိုလ်တက်တာလား။

Do you have idea to attend computer class?
မင်း ကွန်ပျူတာသင်တန်းတက်ဖို့ စိတ်ကူးရှိပါသလား။

Do you read a book (or) sing a song when you don't feel satisfied?
မင်းစိတ်ညစ်တဲ့အခါ စာဖတ်တာလား၊ ဒါမှမဟုတ် သီချင်းဆိုတာလား။

Do you agree that everybody has attraction?
လူတိုင်းမှာ ဆွဲဆောင်မှုရှိတာ မင်းလက်ခံပါသလား။

Do you apply for visa yourself (or) with agence?
မင်းဗီဇာလျှောက်တော့ ကိုယ်တိုင်လား၊ ကိုယ်စားလှယ်နဲ့ လုပ်တာလား။

Do you ever listen to the radio?
ရေဒီယို မကြာခဏ နားထောင်ပါသလား။

Do you believe the ghosts are told really?
တစ္ဆေသရဲရှိတယ်ဆိုတာမင်းယုံပါသလား။

Do you like listening to classical music?
စင်များဂန္ဓင်သီချင်းတွေကိုနားထောင်ရတာနှစ်သက်ပါသလား။

Do you feel sad when you are unhappy?
မင်း မပျော်တဲ့အခါ ဝမ်းနည်းတတ်ပါသလား။

Do you snore when you have a nap?
စင်များအိပ်တဲ့အခါဟောက်တတ်ပါသလား။

Do you usually ask palmist if you are going to work?
မင်းအလုပ်တစ်ခုခု လုပ်တော့မယ်ဆိုရင် ဗေဒင် မေးလေ့ မေးထရှိပါသလား။

Do you accept love is based on attachment?
အချစ်ဟာ သံယောဇဉ်အပေါ်မှာ အခြေခံတယ်ဆိုတာ ဟုတ်ပါသလား။

Do you accept that tolerance can overwhelm everything?
သီးခံခြင်းဟာ အရာအားလုံးကို အောင်မြင်စေနိုင်တယ်ဆိုတာ မင်းလက်ခံပါသလား။

Do you think confidence makes progress?
ယုံကြည်မှုက အရာရာအောင်မြင်နိုင်တယ်လို့ မင်းထင်သလား။

Do you look down other people?
မင်းဆီမှာ အဆင့်အတန်း ခွဲခြားတတ်တဲ့စိတ် ရှိပါသလား။

Do you think you'll be happy forever because of money?
ငွေကြောင့် မင်းဘဝတစ်လျှောက်လုံး ပျော်ရွှင်မယ်လို့ မင်းထင်သလား။

www.burmeseclassic.com

www.burmeseclassic.com

Do you start to attend the class at the beginging of the day?
သင် တန်းစစခြင်းမှာ မင်းတက်တာလား။

Do you often flatter when you deal with others?
တခြားသူများနဲ့ ဆက်ဆံတဲ့အခါ မြှောက်ပင့်ပြောဆိုပါသလား။

Do you agree with your siblings?
မင်းရဲ့မွေးချင်းတွေနဲ့ စိတ်သဘောထားချင်း တိုက်ဆိုင်ရဲ့လား။

Do you often argue with your siblings?
မင်း ညီအစ်ကို မောင်နမတွေနှင့် မကြာခဏ ငြင်းခုံမှုဖြစ်ပါသလား။

Don't you want to become a singer?
မင်း အဆိုတော်တစ်ယောက် မဖြစ်ချင်ဘူးလား။

Do you dare to walk through in front of boys (or) girls?
ဓိန်းကလေးတွေ အများကြီးရှေ့ကနေ (သို့မဟုတ်) ယောကျ်ားလေးတွေ အများကြီးရှေ့ကနေ မင်းတစ်ယောက်တည်း ဖြတ်လျှောက်ရဲလား။

Do you love to walk alone in the rain, without umbrella?
မိုးရွာထဲမှာ တစ်ယောက်တည်း ထီးမပါဘဲ လမ်းလျှောက်ရတာကို နှစ်သက်ပါသလား။

Do you think that everybody is attached by love?
အချစ်ဆိုတဲ့အရာကို လူသားတိုင်း တပ်မက်ကြတယ်လို့ မင်းထင်သလား။

Do you mind admitting after you have done mistake?
အမှားလုပ်ပြီးနောက် ဝန်ခံရမှာကို ဝန်လေးပါသလား။

Do you think yourself as a dolescent?
စင်ကျားတို့ ကိုယ့်ကိုကိုယ် အပျိုး/လူပျိုပေါက်စလေးလို့ ယူဆထားပါသလား။

Do you like if someone says you are ugly?
မင်းကိုလူတစ်ယောက်က ရုပ်ဆိုးတယ်လို့ပြောရင် မင်းနှစ်သက်ပါသလား။

Do you believe that can see one's mind from eyes?
လူတစ်ယောက်၏စိတ်ကို မျက်လုံးနဲ့ကြည့်နိုင်တယ်ဆိုတာ ယုံလား။

Do your family give you kindness?
မင်းရဲ့မိသားစုက မင်းကိုကြင်နာယုယမှုတွေပေးသလား။

Do you feel proud of Myanmar?
မြန်မာလူမျိုးဖြစ်ရတာကိုဝမ်းသာဂုဏ်ယူပါသလား။

Do you have any wishes to marry with foreigner?
မင်း နိုင်ငံခြားသားနဲ့ အိမ်ထောင်ပြုဖို့ စိတ်ကူးရှိပါသလား။

Do you think that we should pay back the debt of benefit?
ကျေးဇူးရှင်ကို ကျေးဇူးဆပ်သင့်တယ်လို့ မင်းထင်လား။

Do you take refuge in the Buddha?
စင်ကျား ဘုရားကို ကိုးကွယ်ပါသလား။

Do you sleep after you have paid respect to the fivefold infinity?
စင်ကျား ညတိုင်း အနန္တဂုဏ်ငါးပါးကို ရှိခိုးပြီးမှ အိပ်တာလား။

www.burmeseclassic.com

www.burmeseclassic.com

Do your neighbours associate with you very well?
ခင်ဗျားရဲ့ အိမ်နီးချင်းတွေက ခင်ဗျားအပေါ် ကောင်းကောင်း ဆက်ဆံပါသလား။

Do you have familiar with neighbours?
ခင်ဗျားရဲ့အိမ်နီးချင်းတွေနဲ့ မိသားစုပုံစံမျိုးရှိပါသလား။

Do you dare to live in the dark alone?
ခင်ဗျားအမှောင်ထဲမှာ တစ်ယောက်တည်း နေရဲပါသလား။

Do you have silly idea to suicide?
ခင်ဗျားကိုယ့်ကိုကိုယ် သေကြောင်း ကြံစည်တဲ့စိတ်မျိုးရှိပါသလား။

Do you wish to help the people in trouble?
ဒုက္ခရောက်နေတဲ့သူကို ကူညီချင်စိတ်ရှိသလား။

Do you desire to get heritage from parents?
မိဘထံမှ အမွေရယူလိုစိတ်ရှိပါသလား။

Don't you want to foolish when you are unhappy?
ခင်ဗျားစိတ်ညစ်တဲ့အခါ ရူးချင်စိတ်မပေါ်ကဘူးလား။

Do you know the day when the Buddha was born?
ဗုဒ္ဓဘုရားမွေးခဲ့တဲ့နေ့ကို မင်းသိလား။

Do you know the name of future Buddha?
နောင်ပွင့်မည့် ဘုရားရှင်ရဲ့ ဘွဲ့တော်အမည်ကို မင်းသိပါသလား။

Do you have jealousy?
ခင်ဗျားမှာ မနာလိုဝန်တိုတဲ့စိတ်ရှိလား။

Do you love and charish your nation?
မင်းရဲ့တိုင်းပြည်ကို ချစ်မြတ်နိုးပါသလား။

Do you have a heart-attack?
ခင်ဗျားမှာ နှလုံးရောဂါရှိပါသလား။

Do you wear a pair of jeen trousers almost your time?
ခင်ဗျား ဂျင်းဘောင်းဘီကို အမြဲတမ်းနီးပါး ဝတ်ပါသလား။

Do you accept it's not true love without jealousy in the world?
သဝန်တိုခြင်းမရှိတဲ့ချစ်ခြင်းဟာ အချစ်စစ်မဟုတ်ဘူးဆိုတာ မင်းလက်ခံသလား။

Do you like taking a long trip?
ခရီးဝေး သွားရတာကို နှစ်သက်ပါသလား။

Do you often have unhappiness in your life?
မင်းဘဝမှာ စိတ်ဆင်းရဲစရာတွေကို မကြာခဏ ကြုံတွေ့ရှိပါသလား။

Do you go around with your friends in your birthday?
မင်းရဲ့မွေးနေ့မှာ သူငယ်ချင်းတွေနဲ့အတူ လျှောက်လည်ပါသလား။

Do you like getting up early morning in cold season?
မင်းဆောင်းတွင်းမှာ နံနက်စောစော အိပ်ရာ ထရတာကို နှစ်သက်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Do you doze when you read?

စာဖတ်တဲ့အခါမှာ အိပ်ငိုက်တတ်ပါသလား။

Do you feel sleepy when you take meditation?

တရားထိုင်တဲ့အခါမှာ အိပ်ငိုက်တတ်ပါသလား။

Do you love to plant in the garden?

ဥယျာဉ်ထဲမှာ သစ်ပင်ပန်းပင် စိုက်ရတာ ဝါသနာပါသလား။

Do you like slim body or fat body?

မင်း ဝတာကို ကြိုက်သလား၊ ပိန်တာကိုကြိုက်သလား။

Do you accept one's character is depended on neighbour?

လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တသည် ပတ်ဝန်းကျင်အပေါ် တည်မှီတယ်ဆိုတာ မင်းလက်ခံသလား။

Do you take any exercise after you get up in the morning?

မနက်အိပ်ယာထပြီးနောက် လေ့ကျင့်ခန်းတစ်ခုခုကို လုပ်လေ့ရှိပါသလား။

Do you have a walk for a few minutes after meal?

ထမင်းစားပြီးနောက် မိနစ်အနည်းငယ် လမ်းလျှောက်လေ့ရှိပါသလား။

Do you like coffee?

မင်း ကော်ဖီကြိုက်ပါသလား။

Do you like fried-rice?

မင်း ထမင်းကြော်ကြိုက်ပါသလား။

Do you love sticky-rice?

မင်း ကောက်ညှင်းပေါင်း ကြိုက်ပါသလား။

Do you believe the words that others say?

မင်း တခြားသူတွေ ပြောစကားတိုင်းကို ယုံကြည်ပါသလား။

Do you have an idea to attend other English speaking class?

မင်း အခြားအင်္ဂလိပ်စကားပြော သင်တန်းတက်ဖို့ စိတ်ကူးရှိပါသလား။

Do you have time-table to improve your English very well?

မင်း အင်္ဂလိပ်စာ ကောင်းကောင်းတိုးတက်ဖို့အတွက် အချိန်ဇယားရှိပါသလား။

Do you have sympathy upon others whatever you do?

မင်း ဘာပဲလုပ်လုပ် တစ်ခြားသူတွေအပေါ် ကိုယ်ချင်းစာတရားရှိရဲ့လား။

Do you accept we should have balance-mind for everyone neither love nor hatred?

မင်း လူတိုင်းအပေါ် ချစ်ခြင်း မုန်းခြင်းမရှိတဲ့ ညီမျှတဲ့စိတ်ထားမျိုး ရှိသင့်တယ်ဆိုတာ လက်ခံပါသလား။

Do you dare to make a decision something without knowing all the facts?

မင်း အချက်အလက် အားလုံးကို မသိဘဲနဲ့ တစ်စုံတစ်ခုကို ဆုံးဖြတ်ရဲပါသလား။

Do you know why Myanmar people offer fragrant and beautiful flowers, clean and cold water and lights and scent-sticks to the Buddha everyday?

လူတွေ ပန်း၊ ရေချမ်း၊ ဆီမီးမျာ်းကို မြတ်ဗုဒ္ဓအား ဘာ့ကြောင့် လျှူနိန်းကြသလဲဆိုတာ မင်းသိပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Do you know why people are jealous, hatred, fight among the ordinary human beings each other everyday?

ဘာ့ကြောင့် ပုထုဇဉ်လူသားတွေကြားထဲမှာ နေ့စဉ်နဲ့အမျှ တစ်ယောက်ကိုတစ်ယောက် မနာလိုဖြစ်ကြ၊ မုန်းတီးကြ၊ ရိုက်ရန်ဖြစ်နေကြသလဲဆိုတာ ခင်ဗျားသိပါသလား။

Do you have any idea to make a talk-show again like that infront of the class happily?

မင်း ဒီလို အတန်းရှေ့မှာ ပျော်ပျော်ရွှင်ရွှင် စကားထစ်ပြောဖို့ စိတ်ကူးလေးများ ရှိပါသလား။

Do you accept that Life is struggle?

ဘဝဟာ ရုန်းကန်ခြင်းဆိုတာကို သင်လက်ခံပါသလား။

Do you keep five precepts everyday?

ခင်ဗျား နေ့စဉ် ငါးပါးသီလ စောင့်ထိန်းပါသလား။

Do you donate flowers, pure-water, scent-stick and light to the buddha to get good deeds daily?

မြတ်စွာဘုရားကို ပန်း၊ ဇရပ်မ၊ ဆီမီး၊ အမွှေးတိုင် နေ့စဉ်ကုသိုလ်ရရှိဖို့ ဆက်ကပ်လှူဒါန်းပါသလား။

Do you have an idea to forgive when someone requests you again and again humblely?

တစ်ဦးဦးက ရိုကျိုးစွာ ထပ်တလဲလဲ တောင်းပန်လာတဲ့အခါ ခွင့်လွှတ်ဖို့ စိတ်ကူးများရှိပါသလား။

Do you analyze yourself what you've done for a day?

မင်း တစ်နေ့တာအတွက် ဘာတွေလုပ်ပြီးပြီလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်မှုတွေရှိပါသလား။

Do you think you are clever if you obey your parents whatever they say?

မိဘတွေက ဘာပြောပြော သူတို့စကား နားထောင်ရင် မင်းလိမ္မာတယ်လို့ ထင်ပါသလား။

Do you have an idea to attend the class again if you aren't satisfied eventhough you attempt very much?

ကြိုးစားပေမယ့် မင်းရဲ့အင်္ဂလိပ်စာကို အားမရဘူးဆိုရင် သင်တန်းထပ်တက်ဖို့ စိတ်ကူးရှိပါသလား။

Do you desire to teach English in your life because it's useful?

မင်းဘဝမှာ အင်္ဂလိပ်စာ အသုံးဝင်တဲ့ အတွက်ကြောင့် အဲဒါကိုသင်ပြဖို့ ဆန္ဒရှိပါသလား။

Do you believe you'll succeed if you endeavour as you like?

မင်း စိတ်ကြိုက် ကြိုးစားရရင် အောင်မြင်မယ်လို့ ယုံကြည်ထားပါသလား။

Do you usually send the loving-kindness all directions everynight after paying homage to the Buddha?

ဘုရားရှိခိုးပြီးနောက် အရပ်မျက်နှာ အားလုံးကို ညစဉ် မေတ္တာပို့လေ့ရှိပါသလား။

Do you find dificulty when you translate sentences?

မင်း ဝါကျတွေကို ဘာသာပြန်တဲ့အခါ အခက်အခဲများရှိပါသလား။

Do you have dificulty when you write the letters?

မင်း စာရေးတဲ့အခါ အခက်အခဲ ရှိပါသလား။

Do you enjoy when you read the stories?

ခင်ဗျား ပုံပြင်တွေဖတ်တဲ့အခါ ပျော်ရွှင်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Do you accept we must think before making decision whatever we do?

ဘာပဲလုပ်လုပ် မဆုံးဖြတ်ခင် အရင်စဉ်းစားရမယ်ဆိုတာ သင်လက်ခံပါသလား။

Do you really know why the learners study English and Computer in these days?

ဒီခေတ်ကြီးထဲမှာ လူတွေတော်တော်များများဟာ ကွန်ပျူတာနဲ့ အင်္ဂလိပ်စာကို ဘာ့ကြောင့် သင်ယူလေ့လာနေကြသလဲဆိုတာစင်ဖျားတကယ်သိပါသလား။

Do you understand that you should speak so much & read a lot to be skillful in English?

အင်္ဂလိပ်စာကျွမ်းကျင်ဖို့ စာများများဖတ် / စကားများများပြောသင့်တယ်ဆိုတာ နားလည်ပါသလား။

Do you try to improve your English after having taken care of the words which teacher said in the class?

အတန်းထဲမှာ ဆရာပြောတဲ့စကားတွေကို သေချာစွာမှတ်သားပြီး မင်းရဲ့အင်္ဂလိပ်စာတိုးတက်ဖို့ ကြိုးစားပါသလား။

Do you feel delighted if you offer somethings to the Buddha?

မြတ်စွာဘုရားကို လျှဖါန်းစရာ တစ်စုံတစ်ခုဆက်ကပ်လိုက်ရင် ခင်ဗျား ဝမ်းသာပီတိဖြစ်ပါသလား။

Do you feel satisfied if you possess whatever you wish?

မင်းဘဝမှာ လိုချင်တာရရင် ကျေနပ်ပီတိဖြစ်ပါသလား။

Do you feel sorry when your friends who you love parted you unexpectedly?

မင်းချစ်ခင်မြတ်နိုးတဲ့ သူငယ်ချင်းတွေက မင်းကို ရုတ်တရက် ခွဲခွါသွားတဲ့အခါ၊ ခံစားရပါသလား။

Do you feel happy if you live near the persons who you adore?

မင်းမြတ်နိုးတွယ်တာတဲ့ လူတွေအနားမှာနေရရင် ပျော်ရွှင်ပါသလား။

Do you get tired & exhausted after when you have recited phonetic exercises?

မင်း ဗိုနက်တစ်ခ် လေ့ကျင့်ခန်းတွေကို ရွတ်ဆိုပြီးရင် ပင်ပန်းနွမ်းနယ်ပါသလား။

Do you know how to cook delicious and tasteful curries?

အရသာရှိတဲ့ ဟင်းကောင်းဟင်းလျှာတွေကို ဘယ်လိုချက်ပြုတ်ရသလဲဆိုတာ မင်းသိပါသလား။

Do you have any idea to share your knowledge after you have learnt English speaking & Grammar?

အင်္ဂလိပ်စကားပြောနဲ့ သဒ္ဒါကို လေ့လာပြီးနောက် မင်းရဲ့ဗဟုသုတတွေကို မျှဝေသင်ကြားပေးဖို့ စိတ်ကူးလေးတွေရှိပါသလား။

Do you usually analyse yourself what you have done for a day?

တစ်နေ့တာမှာ ဘာတွေလုပ်ပြီးပြီလည်းဆိုတာ မင်းကိုယ်မင်း ပြန်လည်သုံးသပ်လေ့ရှိပါသလား။

Do you have a plan what you wear to be neat & tidy today?

မင်း ဒီနေ့သပ်သပ်ရပ်ရပ်ဖြစ်ဖို့ ဘာတွေဝတ်ဆင်ရမလဲဆိုတာ မင်းမှာအစီအစဉ်တွေရှိပါသလား။

Do you accept we can build our own ways to possess the life?

ဘဝတစ်ခုကိုပိုင်ဆိုင်ဖို့ကိုယ်ပိုင်နည်းလမ်းတွေနဲ့တည်ဆောက်နိုင်တယ်ဆိုတာခင်ဗျားလက်ခံပါသလား။

Do you have any kinds of way to attain a peaceful life in future by doing meritorious deeds?

ကောင်းတာလုပ်ရင်း အနာဂတ်မှာ ကောင်းတဲ့ဘဝကိုပိုင်ဆိုင်ဖို့ ခင်ဗျားမှာနည်းလမ်းကောင်းလေး ဘာလေးများရှိပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Do you realize how to play a trick of the boys with womanish-artifice?

မိန်းမဉာဏ်နဲ့ ယောကျ်ားတွေကို ဘယ်လိုလှည့်စားရမလဲဆိုတာ ကောင်းကောင်းနားလည်ပါသလား။

Do you usually try best to improve the life with great effort?

မင်းဘဝတိုးတက်ဖို့ ကြိုးမားတဲ့ လုံ့လဝီရိယနဲ့ အစွမ်းကုန်ကြိုးစားလေ့ရှိပါသလား။

Do you accept " never put off untill tomorrow what you can do today "?

ယနေ့လုပ်နိုင်တဲ့အရာကို မနက်ဖြန်ထိ မရွှေ့ဆိုင်းသင့်ဘူးဆိုတာ သင်လက်ခံပါသလား။

Do you know why Napolien said, "People must get married?"

နပိုလီယံက ဘာ့ကြောင့် လူတိုင်းလက်ထပ်ရမယ်လို့ ဖြောခဲ့သလဲဆိုတာ မင်းသိပါသလား။

Do you agree hobby is the best-friend?

ဝါသနာဟာ အကောင်းဆုံးမိတ်ဆွေဆိုတာ ခင်ဗျားလက်ခံပါသလား။

Do you comprehend the difference of hope and future?

အနာဂတ်နဲ့ မျှော်လင့်ချက်ရဲ့အဓိပ္ပါယ်ကို မင်း နားလည်ပါသလား။

Do you have great love of music?

မင်း ဂီတကို နှစ်သက်မြတ်နိုးပါသလား။

Do you like hip-hop music?

မင်း ဟစ်ပ်ဟော့ပ် ဂီတကို နှစ်သက်ပါသလား။

Do you accept,"First sight,First love?"

မင်း မြင်မြင်ချင်း ချစ်တယ်ဆိုတာကို လက်ခံပါသလား။

Do you believe Three Gems?

ခင်ဗျား ရတနာသုံးပါးကိုယုံကြည်ပါသလား။

Do you like speaking English?

မင်း အင်္ဂလိပ်စကားပြောရတာကို ကြိုက်နှစ်သက်ပါသလား။

Do you like swimming at the weekend?

မင်း စနေ၊ တနင်္ဂနွေမှာ ရေကူးရတာကို သဘောကျသလား။

Do you help your parents sometimes?

မိဘတွေကို တစ်ခါတရံ ကူညီပါသလား။

Do you like watching T.V everynight?

မင်း ညစဉ်တီဗီကြည့်ရတာကို ကြိုက်နှစ်သက်ပါသလား။

Do you like playing in your free time?

မင်းရဲ့အားလပ်ချိန်တွေမှာ ကစားရတာကို နှစ်သက်သဘောကျပါသလား။

Do you believe if you ask much, you get the words?

မေးပါများ စကားရဆိုတာကို ခင်ဗျားလက်ခံယုံကြည်ပါသလား။

Do you fear to take medicine when you're sick?

မင်းဖျားနာတဲ့အခါ ဆေးသောက်ရမှာကိုကြောက်ပါသလား။

Do you look down upon everyone?

မင်း လူတိုင်းအပေါ် အထင်မြင့်သေးပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Do you think highly of yourself?
မင်းကိုယ်မင်း အထင်ကြီးနေပါသလား။

Do you usually give promise easily?
မင်း ကတိကို လွယ်လွယ်ကူကူ ပေးတတ်ပါသလား။

Do you look after your parents?
မင်းရဲ့မိဘတွေကို ကြည့်ရှုစောင့်ရှောက်ပါသလား။

Do you massage your parents when they're tired?
သူတို့ ပင်ပန်းတဲ့အခါ မင်းရဲ့မိဘတွေကို နှိပ်ပေးပါသလား။

Do you write any poems every now and then?
မင်း မကြာခဏ ကဗျာတွေရေးလေ့ရှိပါသလား။

Do you waste your time if you're boring?
မင်းပျင်းရင် အချိန်ဖြုန်းလေ့ရှိပါသလား။

Do you associate with the persons who your parents dislike?
မင်းမိဘတွေ သဘောမကျတဲ့သူတွေနဲ့ မင်းအပေါင်းအသင်းလုပ်ပါသလား။

Do you need any idea from others whatever you do?
မင်း ဘာပဲလုပ်လုပ် သူတစ်ပါးအကြံဉာဏ်ကို လိုအပ်ပါသလား။

Do you obey class-disciplines?
မင်း သင်တန်းဥပဒေးကမ်းတွေကို လိုက်နာပါသလား။

Do you have any aim to go abroad?
မင်း နိုင်ငံခြားသွားဖို့ ရည်ရွယ်ချက်ရှိပါသလား။

Do you tell the truth if you are guilty?
မင်းမှာအပြစ်ရှိရင် အမှန်အတိုင်းပြောပါသလား။

Do you usually confess if you made mistake?
မင်း အမှားလုပ်ရင် ဝန်ခံလေ့ရှိပါသလား။

Do you know you need to respect yourself?
ကိုယ့်ကိုယ်ကိုယ် လေးစားဖို့ လိုတယ်ဆိုတာ မင်းသိပါသလား။

Do you feel sad if your parents blame you?
မင်းကို မိဘတွေကအပြစ်တင်ရင် ဝမ်းနည်းမှုတွေဖြစ်ပါသလား။

Do you have iron-heart to reach your destination?
ရည်မှန်းချက်ပန်းတိုင်ကိုရောက်ရှိဖို့ မင်းမှာ သံမဏိစိတ်ဓာတ်ရှိပါသလား။

Do you have sympathitic mind to help strangers?
မင်းမှာ သူစိမ်းတွေကိုကူညီဖို့ ကိုယ်ချင်းစာတရားရှိပါသလား။

Do you have iron-mind to give up adorable things?
မင်းမြတ်နိုးတဲ့အရာတွေကိုစွန့်ဖို့စိတ်ဓာတ်ကောခိုင်မာရဲ့လား။

Do you take pitty on everyone?
မင်း လူတိုင်းကို သနားတတ်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Do you like to surrender when you're in trouble?
မင်း နာကျောက်အချိန်မှာ လက်လျော့အရှုံးပေးချင်ပါသလား။

Do you have enough time to study your lessons everyday?
နေ့စဉ် မင်းရဲ့သင်ခန်းစာတွေကိုလေ့လာဖို့ အချိန်လုံလုံလောက်လောက်ရှိပါသလား။

Do you have beloved one at the current time?
မင်းမှာ အခုလောလောဆယ် အချစ်ဆုံးသူရှိပါသလား။

Do you like cooking for your family?
မင်းမိသားစုအတွက် တမင်းတင်းချက်ရတာကို ကြိုက်နှစ်သက်ပါသလား။

Do you believe in praying?
မင်း ဆုတောင်းခြင်းကို သက်ဝင်ယုံကြည်ပါသလား။

Do you feel satisfied for your present situation?
မင်းရဲ့ လက်ရှိအခြေအနေကို ကျေနပ်ပါသလား။

Do you feel disappointed to deal with the one you've crossed?
မမြင်ချင်၊ မတွေ့ချင်တဲ့သူနဲ့ အပေါင်းအသင်းလုပ်ရတာ စိတ်ပျက်ပါသလား။

Do you want to tell us how to try to improve our English?
ဒါတို့ရဲ့အင်္ဂလိပ်စာတိုးတက်ဖို့ ဘယ်လိုကြိုးစားရမလဲဆိုတာ မင်းပြောပြချင်ပါသလား။

Do you love to study the lessons?
မင်း သင်ခန်းစာတွေကိုလေ့လာရတာ သဘောကျပါသလား။

Do you feel satisfied to study English in this class?
မင်း ဒီသင်တန်းမှာ အင်္ဂလိပ်စာလေ့လာရတာ ကျေနပ်မှုရှိရဲ့လား။

Do you feel pleased to attend in this class?
မင်း ဒီသင်တန်းမှာတက်ရတာ ပျော်ပါသလား။

Do you feel happy to make a pair-talking?
မင်းဒီသင်တန်းမှာpair-talking ပြောရတာပျော်ရွှင်ပါသလား။

Do you tell me if you know how to deal with others?
မင်း တစ်ခြားသူတွေနဲ့ ဘယ်လိုဆက်ဆံရမလဲဆိုတာ သိရင် ငါ့ကို ပြောပြပါလား။

Do you participate in social affairs in your life?
မင်းဘဝမှာ လူမှုရေးကိစ္စတွေကို ပါဝင်ဆောင်ရွက်လေ့ရှိပါသလား။

Do you take part in religious affairs daily?
မင်း ဘာသာရေးဆောင်ရွက်မှုတွေ နေ့စဉ်ပြုလုပ်လေ့ရှိပါသလား။

Do you realize how to study English to English Dictionary?
မင်းEnglish to English Dictionary ကိုဘယ်လိုလေ့လာရမလဲဆိုတာသိပါသလား။

Do you feel happy when you gossip about others?
မင်း သူတစ်ပါးအကြောင်း အတင်းအဖျင်းပြောတဲ့အခါ ပျော်ပါသလား။

Do you imitate to improve your English whenever seniors speak?
အင်္ဂလိပ်စာတိုးတက်ဖို့ စိန်ယာတွေဘာပြောပြော မင်းအတုခိုးလေ့ရှိပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Do you easily recognize the words you've learned?
မင်း လေ့လာပြီးသား စကားလုံးတွေကို လွယ်လွယ်ကူကူ မှတ်မိပါသလား။

Do you know the studied words how to speak where to apply?
လေ့လာပြီးသားစကားလုံးတွေကို ဘယ်လိုပြောမလဲ၊ ဘယ်မှာအသုံးပြုမလဲဆိုတာ မင်းသိပါသလား။

Do you discuss with your parents when you have any issue?
ပြဿနာတစ်စုံတရာရှိတဲ့အခါ မိဘတွေနဲ့ ဆွေးနွေးလေ့ရှိပါသလား။

Do you ask your teacher if you don't understand the lessons?
မင်းသင်ခန်းစာတွေကို နားမလည်ရင် ဆရာကိုမေးလေ့ရှိပါသလား။

Do you have confidience yourself whatever you do?
မင်းဘာပဲလုပ်လုပ် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိပါသလား။

Do you enjoy to attend in this class?
မင်း ဒီသင်တန်းမှာတက်ရတာ ပျော်ပါသလား။

Do you have new friends in this class?
မင်း ဒီသင်တန်းမှာ သူငယ်ချင်းအသစ်တွေရှိပါသလား။

Do you wangle your friends?
မင်းရဲ့ သူငယ်ချင်းတွေကို မင်း အကြိုအဖန် လုပ်ပါသလား။

Do you whimper or cry when you feel sad?
မင်း ဝမ်းနည်းတဲ့အခါ အော်ငိုသလား သို့မဟုတ် တရှုတ်ရှုတ် တဟင့်ဟင့်ငိုသလား။

မှတ်ချက်အောက်ဖော်ပြပါမေးခွန်းများသည်(ရိုးရိုးမေးခွန်း၊လားမေးခွန်း၊ Yes,Noနှင့် ဖြေလို့ရသောမေးခွန်း) များဖြစ်ပါသည်။ ဒီမေးခွန်းများရဲ့ အဖြေသည် အောက်ပါ ပုံစံအတိုင်း ပုံသေဖြစ်ပါသည်။ ဟုတ်တယ် / မဟုတ်ဘူး နှစ်ခုကို ပိမိနှစ်သက်ရာ ရွေးချယ်ဖြေဆိုပါ။

Don't you speak English? မင်းအင်္ဂလိပ်စကားမပြောဘူးလား။
Yes, I speak English. ဟုတ်ကဲ့၊ကျွန်တော်အင်္ဂလိပ်စကားပြောပါတယ်။
No, I don't speak English. ဟင့်အင်း၊ကျွန်တော်အင်္ဂလိပ်စကားမပြောပါဘူး။
Yes, I do. ဟုတ်တယ်၊ပြောပါတယ်။
No, I don't. ဟင့်အင်း၊မပြောပါဘူး။

Don't you+V$_1$ ° လိုက်မတုတ်ကြောင်းကိုမေးမတုတ်ဘူးလားလို့မေး။

Don't you study your lessons everyday?
မင်း သင်ခန်းစာတွေကို နေ့စဉ် မလေ့လာဘူးလား။

Don't you speak English with your friends?
မင်းရဲ့သူငယ်ချင်းတွေနဲ့ အင်္ဂလိပ်စကားမပြောဘူးလား။

Don't you brush up your lessons regularly?
မင်းသင်ခန်းစာတွေကို ပုံမှန်ပြန်မလေ့ကျင့်ဘူးလား။

Don't you play cards with your friends sometimes?
မင်းသူငယ်ချင်းတွေနဲ့ တစ်ခါတရံ ဖဲမရိုက်ဘူးလား။

Don't you play hooky often?
မင်း မကြာခဏကျောင်းမပြေးဘူးလား။

www.burmeseclassic.com

www.burmeseclassic.com

Don't you play truant in the class?

မင်း အတန်းလစ်လေ့မရှိဘူးလား။

Don't you help to sweep the floor in your house?

မင်းအိမ်မှာ သန့်ရှင်းရေးကူမလုပ်ဘူးလား။

Don't you easily forget the words you've learnt?

မင်း လေ့လာပြီးသားစကားလုံးတွေကို လွယ်လွယ်ကူကူ မမေ့ဘူးလား။

Don't you enjoy arguing each other?

မင်း တစ်ယောက်နဲ့တစ်ယောက်ငြင်းခုံရတာကို သဘောမကျဘူးလား။

Don't you have courage to do everythings?

မင်း အရာရာကိုလုပ်ဖို့ သတ္တိမရှိဘူးလား။

Don't you speak to me?

မင်း ငါ့ကိုမစေ်ာတော့ဘူးလား။

Don't you want to rely on yourself to pass through the life?

ဘဝကိုဖြတ်ကျော်ဖို့ မင်းကိုယ်မင်း အားမကိုးချင်ဘူးလား။

Don't you ask me any questions to improve my English?

ငါ့ အင်္ဂလိပ်စာတိုးတက်ဖို့ မေးခွန်းလေးတွေပြန်မမေးတော့ဘူးလား။

Don't you think you are up-to-date forever?

မင်းကိုယ်မင်း အမြဲတန်း ခေတ်မီတယ်လို့ မထင်ဘူးလား။

Don't you enjoy now?

မင်း စားမကောင်းဘူးလား။ သို့ မင်းမပျော်ဘူးလား။ (ထမင်းစားတဲ့အခါမှာ မေးပါ။ပြောပါ။)

Don't you like speaking English?

မင်း အင်္ဂလိပ်စကားပြောရတာကို မကြိုက်ဘူးလား။

Don't you be happy here?

မင်း ဒီမှာ မပျော်ဘူးလား။

Don't you be afraid of speaking English everywhere?

မင်း နေရာတိုင်းမှာ အင်္ဂလိပ်စကား ပြောရတာကို မကြောက်ဘူးလား။

Don't you be shy of speaking English outside?

မင်း အပြင်မှာ အင်္ဂလိပ်စကား ပြောရတာကို မရှက်ဘူးလား။

Don't you be absent from the class off and on?

မင်း မကြာခဏ သင်တန်း မပျက်ဘူးလား။

Don't you muse about your childhood-lover?

မင်း ငယ်ချစ်ဦးအကြောင်းကို စားမြုပ်မပြန်ဘူးလား။

Don't you wangle your friends?

မင်းယူငယ်ချင်းတွေကို မင်းအကြံအဖန်မလုပ်ဘူးလား။

Don't you insinuate when you crossed others?

မင်း တစ်ခြားသူတွေကို အမြင်ကတ်ဟဲ့အခါ စောင်းမြောင်း မပြောဘူးလား။

www.burmeseclassic.com

www.burmeseclassic.com

VERB TO HAVE မှာရှိကြောင်း၊ပိုင်ဆိုင်ကြောင်းပြကြိယာ။

ပြီးပြီ၊ ပြီးပြီလား။ ပုံးလား။ ဘူးလား။ ကြာညောင်းတဲ့ အကြောင်းတွေကို ပြောချင်း၊ ရေးချင်းရင် အောက်ပါပုံစံတွေကို သုံးပါး

1- Simple Present Tense - ရိုးရိုးပစ္စုပ္ပန်ကာလ။

have - (အများ) has - (အနည်း)

2- Simple Past Tense - ရိုးရိုးအတိတ်ကာလ။

had - (အနည်း/အများသီးသန့်မရှိ)

3- Simple Future Tense - ရိုးရိုးအနာဂတ်ကာလ။

will	would	
shall	should	
can	could	+ have (အနည်း/အများသီးသန့်မရှိ)
may	might	
must	must	

အောက်ဖော်ပြပါ ဇယားကွက်နှင့် စကားလေးခွန်းကို အရင်ကျက်မှတ်ပြီးမှ ကျန်တာတွေကို ဆက်လက်လေ့လာပါ။ ဒီကြိယာနဲ့ပတ်သက်တာ အားလုံး အလွယ်တကူ နားလည်လာလိမ့်မယ်။ အပြတန်းအတွက် ဒါလေးတွေ ကျက်မှတ်ရတာ ဘယ်လောက်မှ မများဘူးနော်။

ခုခံမျိုးလုံး	စာရေးရင်	စကားပြောရင်	
have	have not	haven't	
has	has not	hasn't	+(V_3)
had	had not	hadn't	
will have	will not have	won't have	

1. has
   have + N, Pronous, မှာရှိကြောင်း၊ပိုင်ဆိုင်ကြောင်းကိုပြသည်။
   had
   will have

ဒီပုံစံကိုသုံးသောအခါdo, does, did, will do တို့နဲ့မေး/ဖြေရပါမည်။

E.g Do you have a car? မင်းမှာကားရှိသလား

ရှိတယ်ဆိုရင် Yes, I have a car.
မရှိဘူးဆိုရင် No, I don't have a car.

အတိုဖြေနည်း Yes, I have. (I do.)
No, I don't. (I haven't) လို့မရှိပါ။

2. has
   have past participle (V_3)
   had (perfect active)
   will have

3. has
   have been + past participle (V_3)
   had (perfect passive)
   will have

www.burmeseclassic.com

www.burmeseclassic.com

4. has
have been + Ving (present participle)
had (perfect continuous)
will have

5. has
have been + Noun, Pronoun, Place, Adj
had (Active, passive) ကလွတ်သည်။
will have

ဒီပုံစံ 2,3,4,5 တို့ကို သုံးသောအခါ has, have, had, will have တို့နဲ့ မေး/ ဖြေပါ။ (haven't စသည်ရှိတယ်)။

(perfect) ပြီးပြည့်ကာလနဲ့စကားပြောကျွမ်းကျင်ရန်း(V. to have)

1. You have spoken English.
2. You haven't spoken English.
3. Have you spoken English?
4. Haven't you spoken English?
5. You have spoken English, haven't you?
6. You haven't spoken English, have you?

(I, we, you, they နှင့်ကျွန်အများကိန်းအားလုံးyou နေရာမှာအစားထိုးပါ။)

အမေး Have you attended English speaking class?
ခင်ဗျား အင်္ဂလိပ်စကားပြောသင်တန်း တက်ဖူးပါသလား။

အဖြေ Yes, I have attended English speaking class?
No, I haven't attended English speaking class?
Yes, I have.
No, I haven't.

ပြီးပြီ ပြီးပြီလား။ ပူးလားဘူးလား။ ကြာညောင်းတဲ့အကြောင်းနှင့် စားလျှက် သွားလျှက် အိပ်လျက်ရှိကြောင်းကိုပြောရင်ရေးရင်မေးရင်တဲ့အဓိပ္ပါယ်မျိုးမှာ**perfect tense** ကို အသုံးပြုပါ။ အောက်ပါ မေးခွန်းများသည် အဖြေအားလုံး အပေါ်ကအတိုင်း တူပါသည်။

Verb to have အတွက်မေးခွန်းများ။
Have you + V_3 ? (past participle) အတွက်မေးခွန်းများ။

Have you loved someone in your life?
မင်းဘဝမှာ တစ်ယောက်ယောက်ကို ချစ်ဖူးပါသလား။

Have you helped your parents sometimes?
မင်းမိဘတွေကို တစ်ခါတလေကူညီဖူးပါသလား။

Have you ever been to Bagan?
မင်း ပုဂံ ရောက်ဖူးပါသလား။

Have you ever been to Singapore?
မင်း စင်္ကာပူ ရောက်ဖူးပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Have you ever been to Mandalay?
မင်း မန္တလေး ရောက်ဖူးပါသလား။

Have you ever been to Taunggyi & Inlay Lake?
မင်း တောင်ကြီးနဲ့ အင်းလေးကန်ကို ရောက်ဖူးပါသလား။

Have you arrived at Mount Popa?
မင်း ပုပ္ပားတောင်ကို ရောက်ဖူးပါသလား။

Have you dreamed alone, sitting quiet place?
တိတ်ဆိတ်တဲ့နေရာလေးမှာထိုင်ပြီး တစ်ယောက်တည်း စိတ်ကူးယဉ်ဖူးပါသလား။

Have you thought to pass through the life together with your lover bravely?
မင်းချစ်သူနဲ့အတူ သတ္တိရှိရှိ ဘဝကိုဖြတ်ကျော်ဖို့ စဉ်းစားတွေးတောဖူးပါသလား။

Have you considered everything is changeable in everytime?
အရာရာဟာ အချိန်တိုင်းမှာ ပြောင်းလဲနေတယ်ဆိုတာ စဉ်းစားဆင်ခြင်သုံးသပ်ဖူးပါသလား။

Have you decided to speak English skillfully while you're attending in this class?
ဒီသင်တန်းမှာတက်နေစဉ် အင်္ဂလိပ်စကားကို ကျွမ်းကျွမ်းကျင်ကျင်ပြောဖို့ ဆုံးဖြတ်ပြီးပြီလား။

Have you decided to try best because you study English?
မင်း သင်တန်းတက်နေတဲ့အတွက်ကြောင့် အစွမ်းကုန်ကြိုးစားဖို့ ဆုံးဖြတ်ပြီးပြီလား။

Have you had desire to be an actor / actress?
မင်း သရုပ်ဆောင်ဖြစ်ဖို့ ဆန္ဒတွေပြဖူးပါသလား။

Have you made up your mind to speak English while attending the class in Parami?
မင်း ပါရမီမှာသင်တန်းတက်နေစဉ် အင်္ဂလိပ်စကားပဲပြောဖို့ မင်းစိတ်ကိုဆုံးဖြတ်ပြီးပြီလား။

Have you played & hidden happily when you were in childhood?
မင်း ကလေးဘဝအရွယ်က ပျော်ရွှင်စွာ တူတူပုန်းတမ်းကစားဖူးပါသလား။

Have you been beaten because you want to get favour from the elder when you are naughty?
မင်း ကိုယ့်ထက်ကြီးသူတွေဆီက အလိုလိုက်ခံချင်တဲ့အတွက် ဆိုးနွဲ့တဲ့အခါ အရိုက်ခံရဖူးပါသလား။

Have you attended Computer courses nowadays as it's useful?
မင်း ဒီခေတ်ကြီးထဲမှာ ကွန်ပျူတာကအရေးပါလို့ သင်တန်းတွေတက်ဖူးပါသလား။

Have you read a lot of English novels to get knowledge?
မင်း ဗဟုသုတတွေရရှိဖို့ အင်္ဂလိပ်ဝတ္ထုစာအုပ်တွေ ဖတ်ဖူးပါသလား။

Have you cooked curries tastefully?
မင်း ဟင်းလျာတွေကို အရသာရှိရှိချက်ပြုတ်ဖူးပါသလား။

Have you been accused among the people?
မင်း လူကြားထဲမှာ အစွပ်စွဲခံရဖူးပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Have you been praised because you're clever?
မင်းလိမ္မာတဲ့အတွက်ကြောင့် ချီးမွမ်းခံရဖူးပါသလား။

Have you been scolded because you made a mistake?
မင်း အမှားလုပ်မိတဲ့အတွက်ကြောင့် အဆူခံရဖူးပါသလား။

Have you tasted smoking?
မင်း ဆေးလိပ်သောက်ဖူးပါသလား။

Have you smoked cigger?
မင်း ဆေးပြင်းလိပ်သောက်ဖူးပါသလား။

Have you been adored in your life?
မင်းဘဝမှာ မြတ်နိုးချင်းကို ခံရဖူးပါသလား။

Have you been proposed in your life?
မင်း ချစ်ရေးဆိုခြင်း ခံရဖူးပါသလား။

Have you been jealous of someone because of love or somethings?
မင်း တစ်စုံတစ်ခုကြောင့် သိုပဟုတ် အချစ်ကြောင့် တစ်ဦးဦးကို မနာလိုဖြစ်ဖူးပါသလား။

Have you got visa because you would like to go abroad?
မင်းနိုင်ငံခြားသွားချင်တဲ့အတွက်ကြောင့် ဗီဇာရခြင်းပြီလား။

Have you had old flame?
မင်းမှာ ယခင်ချစ်ဦး ရှိခဲ့ဖူးပါသလား။

Have you regreted after you have made mistake?
မင်းအမှားတစ်ခုလုပ်ပြီးနောက် နောင်တတွေ ရဖူးပါသလား။

Have you hated someone bitterly in your life?
မင်းဘဝမှာ တစ်ယောက်ယောက်ကို နာနာကျည်းကျည်း မုန်းတီးဖူးပါသလား။

Have you done somethings without your own wish because of your parents' force?
ကိုယ့်ဆန္ဒမပါဘဲ မိဘတွေရဲ့ တိုက်တွန်းမှုကြောင့် တစ်ခုခုကို လုပ်ခဲ့ဖူးပါသလား။

Have you picked up oysters going for a walk on the beach?
ကမ်းခြေမှာ လမ်းလျှောက်ရင်း ကမာကောင်လေးတွေ ကောက်ဖူးပါသလား။

Have you told lies your parents to possess what you want?
မင်းလိုချင်တာကို ပိုင်ဆိုင်ဖို့ မိဘတွေကို လိမ်ပြောဖူးပါသလား။

Have you broken someone's heart?
မင်း တစ်စုံတစ်ယောက်ရဲ့ အသည်းကို ခွဲဖူးပါသလား။

Has someone broken your heart?
စာစ်ယောက်ယောက်က မင်းကို အသည်းခွဲဖူးပါသလား။

Have you humbly apologized someone though you didn't make mistake?
ခင်များ အမှားမလုပ်ခဲ့ပေမယ့် တစ်စုံတစ်ဦးကို ရိုကျိုးစွာတောင်းပန်ဖူးပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Have you quarrelled with strangers in your environment?
မင်းရဲ့ပတ်ဝန်းကျင်မှာ သူစိမ်းတွေနဲ့ စကားများရန်ဖြစ်ဖူးပါသလား။

Have you gone to visit Mandalay?
မင်း မန္တလေးကို သွားလည်ဖူးပါသလား။

Have you taught English to others?
မင်း တစ်ခြားသူတွေကို အင်္ဂလိပ်စာ သင်ပေးဖူးပါသလား။

Have you requested the persons who you insulted & mocked at by yourself?
မင်းကိုယ်တိုင် စော်ကားမောက်ကားပြောခဲ့ပြီး လှောင်ပြောင်ခဲ့တဲ့သူတွေကို တောင်းပန်ဖူးပါသလား။

Have you watched movie with your friends?
မင်းသူငယ်ချင်းတွေနဲ့ ရုပ်ရှင်ကြည့်ဖူးပါသလား။

Have you worked in the company before?
မင်း အရင်က ကုမ္ပဏီမှာ အလုပ်လုပ်ဖူးပါသလား။

Have you had job experience before?
မင်း အရင်က အလုပ်အတွေ့အကြုံ ရှိဖူးပါသလား။

Have you fallen the tears for someone?
မင်း တစ်စုံတစ်ဦးအတွက် မျက်ရည်ကျဖူးပါသလား။

Have you encouraged the persons who are depressed?
မင်း စိတ်ဓာတ်ကျနေတဲ့သူတွေကို အားပေးစကားတွေ ပြောဖူးပါသလား။

Have you donated a set of Warso robe?
မင်း ဓါဆိုသင်္ကန်းဆက်ကပ်ဖူးပါသလား။

Have you given an answer to someone carelessly?
မင်း တစ်ယောက်ယောက်ကို နမော်နမဲ့ အဖြေပေးဖူးပါသလား။

Have you got any prizes in your life?
မင်းဘဝမှာ ဆုတွေ ရရှိဖူးပါသလား။

Have you given a promise to someone easily?
မင်း ကတိတွေ လွယ်လွယ်ကူကူပေးဖူးပါသလား။

Have you broken promise easily?
မင်း ကတိကို လွယ်လွယ်နဲ့ဖျက်ဖူးပါသလား။

Have you made a talk-show before?
မင်းအရင်ကtalk-show ပြောဖူးပါသလား။

Have you spent a lot of money foolishly?
မင်း ငွေတွေကို ရူးရူးမိုက်မိုက် သုံးဖြုန်းဖူးပါသလား။

Have you consulted the problems with your parents?
မင်းမိဘတွေနဲ့ ပြဿနာတွေကို တိုင်ပင်ဖူးပါသလား။

Have you criticized about others?
မင်း သူတစ်ပါးတွေကို ဝေဖန်ဖူးပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Have you taken exercises because Healht is first importance?
ကျန်းမာရေးဟာ အရေးကြီးတဲ့အတွက်ကြောင့် မင်း လေ့ကျင့်ခန်းတွေလုပ်ဖူးပါသလား။

Have you asked someone if you believe me?
မင်းငါ့ကို ယုံကောယုံရဲ့လားလို့ တစ်ယောက်ယောက်ကို မေးဖူးပါသလား။

Have you resolved to do someting with strong desire?
အပြင်းထန်ဆုံး စိတ်ဆန္ဒတွေနဲ့ တစ်ခုခုကိုလုပ်ဖို့ အဓိဋ္ဌာန်ပြုဖူးပါသလား။

Have you analysed it's good or bad?
အဲ့ဒါ ကောင်းတယ်၊ မကောင်းဘူးလို့ ပြန်လည်သုံးသပ်ဖူးပါသလား။

Have you taken refuge in love crazily?
မင်း ရူးမိုက်စွာ အချစ်ကိုကိုးကွယ်ဖူးပါသလား။

Have you sung the song on the stage?
မင်း စင်မြင့်ပေါ်မှာ သီချင်းဆိုဖူးပါသလား။

Have you been proposed?
မင်း ချစ်ရေးဆိုခြင်းခံရဖူးပါသလား။

Have you made someone disappointed?
မင်း တစ်ယောက်ယောက်ကို စိတ်ပျက်အောင်လုပ်ဖူးပါသလား။

Have you made your parents angry with?
မင်းမိဘတွေကို စိတ်တိုအောင် လုပ်ဖူးပါသလား။

Have you made your lover petulant?
မင်းချစ်သူကို စိတ်ကောက်အောင်လုပ်ဖူးပါသလား။

Have you made someone kiss you?
မင်း တစ်ဦးဦးကို နမ်းခိုင်းဖူးပါသလား။

Have you made your friends take part in doing meritorious deeds?
မင်း ကုသိုလ်ကောင်းမှုပြုလုပ်ရာမှာ မင်းရဲ့သူငယ်ချင်းတွေကို ပါဝင်လှူဒါန်းခိုင်းဖူးပါသလား။

Have you made someone get into trouble others?
မင်း တခြားလူတွေ နှောက်ယှက်အောင် တစ်ဦးဦးကို လုပ်ခိုင်းဖူးပါသလား။

Have you made your brothers and sisters take meditation to get good deeds?
မင်းညီလေး၊ ညီမလေးတွေ ကုသိုလ်ရဖို့ တရားထိုင်ခိုင်းဖူးပါသလား။

Have you made someone pretend not to know about that?
အဲ့ဒီအကြောင်းကို မသိဘူးလို့ တစ်ယောက်ယောက်ကို တန်ဆောင်ခိုင်းဖူးပါသလား။

Have you made your friends go between when you love someone?
တစ်ယောက်ယောက်ကို ချစ်တော့ သူငယ်ချင်းတွေကို အောင်သွယ်လုပ်ခိုင်းဖူးပါသလား။

Have you been jealous of other girls' beauty?
နင် အခြားမိန်းခလေးတွေရဲ့အလှတရားကို မနာလိုဖြစ်ဖူးပါသလား။

Have you made a choice to do someting?
မင်း တစ်စုံတစ်ခုကိုလုပ်ဖို့ ရွေးချယ်ဖူးပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Have you made a decision not to do like that fault again?
မင်း အဲဒီလိုအမှားမျိုး ထပ်မလုပ်ဖို့ ဆုံးဖြတ်ဖူးပါသလား။

Have you misunderstood someone?
မင်း တစ်စုံတစ်ယောက်ကို နားလည်မှုလွဲဖူးပါသလား။

Have you been excused because of something?
မင်း တစ်စုံတစ်ခုကြောင့် ခွင့်လွှဲခံရဖူးပါသလား။

Haven't you + V_3 ? (past participle) အတွက်ဖေးခွန်းများ။

Haven't you attended English speaking class before?
မင်း အရင်က အင်္ဂလိပ်စကားပြောသင်တန်း မတက်ဖူးဘူးလား။

Haven't you made a talk-show in the class before?
မင်းအရင်ကသင်တန်းထဲမှာtalk-show မပြောဖူးဘူးလား။

Haven't you loved and adored someone?
မင်း တစ်ယောက်ယောက်ကို မချစ်ဖူးဘူးလား။

Haven't you swum in the swimming pool?
မင်း ရေကူးကန်ထဲမှာ ရေမကူးဖူးဘူးလား။

Haven't you entered the monk-life?
မင်း ရဟန်းဘောင်ကို မဝင်ရောက်ဖူးဘူးလား။

Haven't you worked anywhere before?
မင်း အရင်က တစ်နေရာရာမှာ အလုပ်မလုပ်ဖူးဘူးလား။

Haven't you written the letters to your friends for improvement of your English in a short time?
အချိန်တိုအတွင်းမှာ အင်္ဂလိပ်စာတိုးတက်ဖို့ သူငယ်ချင်းတွေထံ စာမရေးဖူးဘူးလား။

Haven't you been blamed by making mistake?
မင်း အမှားလုပ်မိလို့ အပြစ်တင်မခံရဖူးဘူးလား။

Haven't you spoken English in front of audience?
အများရှေ့မှာ မင်းအင်္ဂလိပ်စကားမပြောဖူးဘူးလား။

Haven't you thought to revenge the persons you dislike?
မင်း ရွံရှာမုန်းတီးတဲ့သူတွေကို လက်စားချေဖို့ မစဉ်းစားဖူးဘူးလား။

Haven't you taken meditation to keep your mind calm?
မင်းစိတ်တည်ငြိမ်ဖို့ တရားမထိုင်ဖူးဘူးလား။

Haven't you been scolded by your parents & teachers?
မင်းမိဘတွေ၊ ဆရာတွေရဲ့ ဆူပူကြိမ်းမောင်းခြင်းကို မခံရဖူးဘူးလား။

Haven't you deceived someone in your life?
မင်းဘဝမှာ တစ်ယောက်ယောက်ကို မလှည့်စားဖူးဘူးလား။

www.burmeseclassic.com

www.burmeseclassic.com

Verb to Be ရှိသည်/ဖြစ်သည်အကြောင်း

ရှိကြောင်း ဖြစ်ကြောင်းကို ရိုးရိုးလေးပဲ ဖော်ပြရမှာဖြစ်ရင် ဒီကြိယာတွေကို သုံးပါ။

1- Simple Present Tense - ရိုးရိုးပစ္စုပ္ပန်ကာလ။
am, is - (အနည်း) are - (အများ)

2- Simple Past Tense - ရိုးရိုးအတိတ်ကာလ။
was - (အနည်း) Were- (အများ)

3- Simple Future Tense - ရိုးရိုးအနာဂတ်ကာလ။

will	would	
shall	should	
can	could	+ be (အနည်း/အများသိုးသန့်မရှိ)
may	might	
must	must	

အောက်ဖော်ပြပါ ဥပမာတွေက်နှင့် စကားလေးစွန်းကို အရင်ကျက်မှတ်ပြီးမှ ကျန်တာတွေကို ဆက်လက်လေ့လာပါ။ ဒီကြိယာနဲ့ပတ်သက်တာ အားလုံး အလွယ်တကူ နားလည်လာလိမ့်မယ်။ အမြဲတန်းအတွက် အီလေးတွေ ကျက်မှတ်ရတာ ဘယ်လောက်မှ မများဘူးနော်။

နှစ်မျိုးလုံး	စာရေးရင်	စကားပြောရင်
am	am not	aren't
is	is not	isn't
are	are not	aren't
was	was not	wasn't
were	were not	weren't
will be	will not be	won't be

You are happy.	She is beautiful.
You aren't happy.	She is beautiful.
Are you happy?	Is she beautiful?
Aren't you happy?	Isn't she beautiful?
He was thinking.	I am here.
He wasn't thinking.	I am not here.
Was he thinking?	Am I here?
Wasn't he thinking?	Aren't I here?
They were pleased.	They will be doctors.
They weren't pleased.	They won't be doctors.
Were they pleased?	Will they be doctors?
Weren't they pleased?	Won't they be doctors?

You အနည်းနဲ့ပေးပုံ

Are you a student?	မင်းကျောင်းသားလား။
Yes, I'm a student.	ဟုတ်ကဲ့, ကျွန်တော် ကျောင်းသားတစ်ယောက်ပါ။
No, I'm not a student.	ဟင့်အင်း,ကျွန်တော်ကျောင်းသားမဟုတ်ပါဘူး။
Yes, I'm	အင်း,ဟုတ်ပါတယ်။
No, I'm not.	ဟင့်အင်း, မဟုတ်ပါဘူး။

Verb to Be ရဲ့နောက်မှာစကားလုံး(၇)လုံး(သို့မဟုတ်)နည်း(၇)မျိုးလိုက်ရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

Are you + နဲ့တုတ်ကြောင်းကိုပေးမြန်းကြမယ်။

Are you a university student?
မင်း တက္ကသိုလ်ကျောင်းသား/ကျောင်းသူ တစ်ယောက်လား။

Are you fond of painting?
မင်း ပန်းချီဆွဲရတာကို နှစ်သက်ပါသလား။

Are you interested in learning English?
မင်း အင်္ဂလိပ်စာသင်ယူလေ့လာရတာကို စိတ်ဝင်စားမှုရှိပါသလား။

Are you quick-minded?
မင်း စိတ်တိုလွယ်ပါသလား။

Are you in the habit of telling lies?
မင်းလိမ်ပြောတာ အကျင့်ရှိပါသလား။

Are you in the habit of speaking English before?
စင်ကျော် အရင်က အင်္ဂလိပ်စကားပြောတာ အလေ့အထရှိပါသလား။

Are you in the habit of reading a lot of books?
မင်း စာဖတ်ရတာ အလေ့အထရှိပါသလား။

Are you absent-mimded every now and then?
မင်း မကြာခဏ သတိမေ့တတ်ပါသလား။

Are you going to apologize if someone disagrees with anything?
မင်း တစ်စုံတစ်ယောက်က တစ်စုံတစ်ခုနဲ့ ပတ်သက်ပြီး သဘောမကျဘူးဆိုရင် တောင်းပန်မှာလား။

Are you going to go abroad?
မင်း နိုင်ငံခြားသွားတော့မှာလား။

Are you absent from the class again and again?
မင်း ခဏခဏ သင်တန်းပျက်ပါသလား။

Are you usually inquisitive wherever you go or arrive?
မင်းဘယ်သွားသွား ဘယ်ရောက်ရောက် စပ်စုတတ်ပါသလား။

Are you good-looking almost everytimes?
မင်း အချိန်တိုင်းနီးပါး ကြည့်ကောင်းနေပါသလား။

Are you humble whenever you communicate with others?
မင်းအခြားသူတွေနဲ့ ပြောဆို ဆက်ဆံတဲ့အခါ မာနနှိမ့်ချပါသလား။

Are you stingy to give your own money or properties if asked?
မင်းကိုယ်ပိုင်ငွေ ကိုယ်ပိုင်ပစ္စည်းတွေကို တောင်းလာရင် နှမြောမှာလား။

Are you still obstinate when your parents tell you not to do like that?
မင်းမိဘတွေက အဲ့ဒီလိုမလုပ်ဖို့ ပြောလာတဲ့အခါ မင်းဆေးပါသလား။

Are you polite whoever you speak to?
မင်း ဘယ်သူနဲ့/ကို စကားပြောပြော ယဉ်ကျေးပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Are you careless if you work?
မင်းအလုပ်လုပ်ရင် နမော်နမဲ့နိုင်ပါသလား။

Are you crazy to watch Korea movie everynight?
မင်းညစဉ် ကိုရီးယားဇာတ်လမ်းတွဲတွေကို ကြည့်ရတာ ခွဲလမ်းပါသလား။

Are you afraid to do bad deeds?
မင်း အကုသိုလ်အမှုတွေကို ပြုရတာ ကြောက်လန့်ပါသလား။

Are you pleased to speak English now?
မင်း အခု အင်္ဂလိပ်စကား ပြောရတာကို ဝမ်းသာပီတိဖြစ်ပါသလား။

Are you selfless whatever you do?
မင်းဘာပဲလုပ်လုပ် ကိုယ်ကျိုးမငဲ့ဘူးလား။

Are you delighted to offer something to the Buddha?
မင်း ဘုရားကို တစ်ခုခုလှူဒါန်းတဲ့အခါ ဝမ်းသာပီတိဖြစ်ပါသလား။

Are you excited to make a pair-talking with your patanar?
မင်းရဲ့အတော်နဲ့ စကားပြောတဲ့အခါ စိတ်လှုပ်ရှားပါသလား။

Are you selfish however rich you are?
မင်းဘယ်လောက်ပဲချမ်းသာချမ်းသာတစ်ကိုယ်ကောင်းဆန်ပါသလား။

Are you green at English Speaking?
မင်းအင်္ဂလိပ်စကားပြောမှာ အတွေ့အကြုံမရှိဘူးလား။

Are you broad-minded if your lover asks for permision to get married with another one?
မင်းချစ်သူက အခြားတစ်ယောက်နဲ့ လက်ထပ်ဖို့ ခွင့်တောင်းလာရင် သဘောထားကြီးနိုင်ပါ့မလား။

Are you narrow-minded if someone request you to forgive them?
မင်းကို တစ်စုံတစ်ယောက်က ခွင့်လွှတ်ဖို့ တောင်းပန်လာရင် သဘောထားသေးမှာလား။

Are you craven to solve it when you have problem?
မင်းပြဿနာရှိရင် ဖြေရှင်းဖို့ သူရဲဘောကြောင်ပါသလား၊သတ္တိကြောင်ပါသလား။

Are you jumpy to do somethings?
မင်းတစ်ခုခုလုပ်ဖို့ကြောက်လန့်တတ်/လန့်ဖျတ်တတ်ပါသလား။

Are you Ok to speak English with your class-mate ?
မင်းအတန်းဖော်နဲ့ အင်္ဂလိပ်စကားပြောရတာ အဆင်ပြေရဲ့လား။

Are you sensitive?
မင်း စိတ်တိုလွယ်သလား။ ခင်ဗျား စိတ်ဆတ်ပါသလား။

Are you proud of walking together with your lover?
မင်းချစ်သူနဲ့လမ်းအတူတူလျှောက်ရတာကို ဂုဏ်ယူပါသလား။

Are you proud of yourself because you're beautiful and cute?
မင်း လှပြီးချစ်စရာကောင်းတဲ့အတွက်ကြောင့် မင်းကိုယ်မင်း မာနကြီးဘဝင်ခိုက်ပါသလား။

Are you happy in this class everyday?
မင်း ဒီသင်တန်းမှာ နေ့စဉ်ပျော်ရွှင်ပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Are you angry with me if I make a joke every now and then?
မင်း မကြာခဏ စနောက်နေရင် စိတ်ဆိုးမှာလား။

Are you going to cry if I tease you like my sister or brother?
မင်းကို ညီအစ်ကို/မောင်နှမတွေလို စနောက်ရင် ငိုမှာလား။

Are you satisfied if one says you are very beautiful among the people?
မင်းဟာ သိပ်လှတယ်လို့ လူကြားထဲမှာ တစ်ယောက်ယောက်ကပြောရင် ကျေနပ်နေမှာလား။

Are you shy of speaking English everywhere?
မင်း နေရာတိုင်းမှာ အင်္ဂလိပ်စကားပြောရတာ ရှက်ဖို့သလား။

Are you shy to recite phonetic exercises among the students?
မင်း ကျောင်းသားတွေကြားထဲမှာ အသံထွက်တွေရွတ်ဆိုရတာ ရှက်ဖို့သလား။

Are you envious of senior students when they speak English?
မင်း စိန်ယာကျောင်းသားတွေ အင်္ဂလိပ်စကားပြောတဲ့အခါ သူတို့ကို အားကျဖို့သလား။

Are you eager to learn English language forever?
မင်း အင်္ဂလိပ်စာလေ့လာရာမှာ အမြဲတန်း စိတ်အားထက်သန်ဖို့သလား။

Is it easy for you to study English at first?
မင်း အစမှာ အင်္ဂလိပ်စာလေ့လာသင်ယူရတာ လွယ်ကူမှု ရှိဖို့သလား။

Is it dificult for you to speak English everywhere?
မင်းအတွက် နေရာတိုင်းမှာ အင်္ဂလိပ်စကားပြောဖို့ ခက်ခဲဖို့သလား။

Is it possible for you to help everyone?
မင်းအတွက် လူတိုင်းကို ကူညီဖို့ ဖြစ်နိုင်ဖို့သလား။

Is it hatd for you to believe other people?
မင်း တခြားလူတွေကို ယုံကြည်ဖို့အတွက် ခက်ခဲဖို့သလား။

Is it convenient for you to attend the class here?
မင်းအတွက် ဒီမှာ သင်တန်းတက်ရတာ အဆင်ပြေဖို့သလား။

Are you glad if someone becomes rich so much?
မင်း တစ်ယောက်ယောက် အရမ်းချမ်းသာသွားရင် ဝမ်းသာမှာလား။

Are you jealous when somebody is very good at English?
တစ်ယောက်ယောက် အင်္ဂလိပ်စာတော်ရင် မင်း မနာလိုဖြစ်မှာလား။

Are you active and alert whatever you do?
မင်းဘာပဲလုပ်လုပ် သွက်လက်ဖျတ်လတ်ဖို့သလား။

Are you sure that you'll be happy the whole life?
မင်းဘဝတစ်လျှောက်လုံး ပျော်ရွှင်မယ်လို့ မင်းယုံကြည်ထားဖို့သလား။

Are you sure you'll be successful in your life whatever you do ?
မင်းဘဝမှာ ဘာပဲလုပ်လုပ် အောင်မြင်မယ်လို့ မှတ်ယူထားဖို့သလား။

Are you sure to speak English almost every time in your life?
မင်းဘဝမှာ အချိန်တိုင်းလိုလို အင်္ဂလိပ်စကားပြောဖို့ သေချာနေပြီလား။

www.burmeseclassic.com

www.burmeseclassic.com

Are you jealous of senior students when they can speak English in the class perfectly and fluently?

မင်း စိန်ယာကျောင်းသားတွေ အတန်းထဲမှာ အင်္ဂလိပ်စကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုတဲ့အခါ မင်း မနာလိုဖြစ်နေမှာလား။

Are you going to feel angry or give understanding when your close friends make you quarrel with?

မင်းရဲ့ အချစ်ဆုံးသူငယ်ချင်းတွေက စိတ်ကတောက်ကဆခြစ်အောင်လုပ်တဲ့အခါ မင်းဒေါသပြစ်မှာလား/ခွင့်လွှတ်နားလည်ပေးမှာလား။

Are you attentive to your lessons everynight eagerly?

မင်းရဲ့ သင်ခန်းစာတွေကို ညစဉ် စိတ်အားထက်သန်စွာ ဂရုစိုက်လေ့လာပါသလား။

It's true human life-span is short, isn't it?

လူသက်တန်းဟာ တိုတောင်းလှတယ်ဆိုတာ ဟုတ်ပါသလား။

I think you will accept that love can be cured by love, isn't it?

အချစ်ကို အချစ်ကပဲ ကုစားနိုင်တယ်ဆိုတာ မင်းလက်ခံနိုင်မယ်လို့ ငါထင်တယ်၊လက်ခံတယ်မို့လား။

Are you going to be angry or disappointed because you can't answer a lot of questions when someone asked to improve your English?

မင်းရဲ့အင်္ဂလိပ်စာကိုးတက်ဖို့ တစ်ယောက်ယောက်က မေးခွန်းတွေမေးလာတဲ့အခါ ပြန်မဖြေနိုင်တဲ့အတွက်ကြောင့် မင်းဒေါသထွက်မှာလား သို့မဟုတ် စိတ်ပျက်မှာလား။

To take comparison like parents is nothing in the world, is it?

လောကမှာ မိဘကဲ့သို့ နှိုင်းယှဉ်စရာမရှိဘူးတဲ့ ဟုတ်တယ်ဟုတ်။

Are you happy to attend in this class?

မင်းဒီသင်တန်းမှာ တက်ရတာ ပျော်ရွှင်ပါသလား။

You are happy to attend in this class, aren't you?

မင်း ဒီသင်တန်းမှာ တက်ရတာ ပျော်ရွှင်ပါတယ်နော်၊ မပျော်ဘူးလား။

Are you happy or boring when you study your lessons?

မင်း သင်ခန်းစာတွေကို လေ့လာကျက်မှတ်တဲ့အခါ ပျင်းပါသလား။ပျော်ပါသလား။

"Life is struggle" it's not easy if we think, is it?

ဘဝဆိုတာ တိုက်ပွဲတဲ့ စဉ်းစားကြည့်ရင် မလွယ်ဘူးနော် ဟုတ်တယ်မို့လား။

Are you always lucky whatever you do?

မင်းဘာပဲလုပ်လုပ် အမြဲတန်း ကံကောင်းပါသလား။

Are you afraid of ghost?

မင်း သရဲကြောက်ပါသလား။

Are you interested in whatever you do?

မင်း ဘယ်အရာပဲလုပ်လုပ် စိတ်ဝင်စားမှုရှိပါသလား။

Is it possiple reading is to improve knowledge?

စာဖတ်ခြင်းက ဗဟုသုတရစေတယ်ဆိုတာ ဖြစ်နိုင်ပါသလား။

Is it convenient for you to attend in this class?

မင်းအတွက် ဒီသင်တန်းမှာ တက်ရတာ အဆင်ပြေပါသလား။

www.burmeseclassic.com

www.burmeseclassic.com

Is it important for you to enjoy in your life?
မင်းဘဝမှာ ပျော်ရွှင်ဖို့ အရေးကြီးပါသလား။

Is it comfortable for you to make a talk-show?
မင်းအတွက်talk-show ပြောရတာသက်တောင့်သက်သာရှိရဲ့လား။အဆင်ပြေရဲ့လား။

Is it necessary for us to know about English?
ကျွန်တော်တို့အတွက် အင်္ဂလိပ်စာအကြောင်း သိဖို့ လိုအပ်ပါသလား။

Are you a government staff or company staff?
မင်းက အစိုးရဝန်ထမ်း သို့မဟုတ် ကုမ္ပဏီဝန်ထမ်းလား။

Are you happy to offer somethings to the Buddha?
ဘုရားရှင်ကို တစ်ခုခုလှူဒါန်းရင် ကြည်နူးပါသလား။

Are you happy to speak English everyday?
မင်း နေ့စဉ် အင်္ဂလိပ်စကားပြောရတာကို ပျော်ပါသလား။

Is it possible that love is able to change everythings?
အချစ်က အရာရာကို ပြောင်းလဲနိုင်စွမ်းရှိတယ်ဆိုတာ ဖြစ်နိုင်ပါသလား။

Are you Ok to attend in this class everyday?
မင်း နေ့စဉ် ဒီမှာ သင်တန်းတက်ရတာ အဆင်ပြေပါသလား။

Are you usually inqusitive whatever you want to know?
မင်း သိချင်တာ မှန်သမျှကို စဝ်စုလေ့ရှိပါသလား။

Aren't you + နဲ့ဟုတ်ကြောင်းကိုမေးမြန်းခြင်းပြယ်

Aren't you happy to attend the class here?
မင်းဒီမှာ သင်တန်းတက်ရတာ မပျော်ဘူးလား။

Aren't you furious if your beloved one doesn't love you?
မင်း အချစ်ဆုံးသူက မချစ်ဘူးလိုပြောရင် ဒေါသမထွက်ဘူးလား။

Aren't you angry when you're proposed?
မင်း ချစ်ရေးဆိုခံရတဲ့အခါမှာ စိတ်မတိုဘူးလား။

Aren't you envious of senior students in this class?
မင်း ဒီအတန်းမှာ ရှိတဲ့ စိန်ယာကျောင်းသားတွေကို အားမကျဘူးလား။

Aren't you feeling sad when you part your best friends?
မင်း သူငယ်ချင်းတွေနဲ့ ခွဲခွါတဲ့အခါ ဝမ်းမနည်းဘူးလား။

Aren't you fond of singing the songs?
မင်း သီချင်းဆိုရတာကို မနှစ်သက်ဘူးလား။

Aren't you alert to do business?
မင်း စီးပွားရေးလုပ်ဖို့ မတက်ကြွဘူးလား။

Aren't you crazy about love?
မင်း အချစ်အကြောင်းကို အရူးအမူး မဖြစ်ဘူးလား။

www.burmeseclassic.com

www.burmeseclassic.com

Why အတွက်မေးခွန်းများ။

W/H မေးခွန်းအတွက်အဖြေတစ်ဝက်။

W/H များနဲ့မေးသောအခါW/H များကိုဖြုတ်Yes,No မပါဘဲရိုးရိုးမေးခွန်းအတိုင်း ပြန်ဖြေပါ။ ဒီမေးခွန်းများရဲ့အဖြေသည် ရိုးရိုးမေးခွန်းတွေပေါ်မှာ မူတည်ပါသည်။

လူတစ်ယောက်နဲ့ တစ်ယောက် ဝိုတာခြင်း တူပေမယ့် ဝိုတဲ့ ရည်ရွယ်ချက်ချင်း၊ ဝိုရတဲ့အကြောင်း တရားခြင်းတူကြမည်မဟုတ်ပါ။ အဲ့ဒါကြောင့် အောက်ဖော်ပြပါ အမေးကို အဖြစ်နိုင်ဆုံး ဖြေကြည့်ရအောင်ပါ။ အဖြေတော့ပုံသေ ပေးလို့မရပါဘူး။ တစ်ဝက်ပဲ ရမယ်ကျနော်တဲ့တစ်ဝက်ကို ကိုယ်ဝိုင်ဉာဏ် ကိုယ်ဝိုင်အရည်အသွေးနဲ့ ဖြေရပါတယ်။ ဆရာ့ဘက်ကလည်း အကြမ်းပျင်း နမူနာလောက်သိအောင် အရင်သင်ပေးရပါတယ်။ ပြီးတော့ ကိုယ်တိုင် ကြိုးစားပါ အဆင်ပြေသွားပါလိမ့်မယ်။ ဝိုတဲ့ သူတွေရဲ့ ကိုယ်စား ဝိုပုံ ဝိုနည်းလေးတွေကို လေ့လာကြည့်မယ်။

Why နဲ့မေးရင်because, as, so that, in order to, by+ N,Pro. to +V1, not to+V1, because of, on acount of, များနဲ့အများအားဖြင့်ပြန်ဖြေနိုင်ပါတယ်။

Why do you cry?

မင်းဘာ့ကြောင့် ဝိုတာလဲ။

(1) I cry because I remember my lover.
(2) I cry because I'm disappointed.
(3) I cry because I'm sick of my home.
(4) I cry because I lost my money.
(5) I cry because I was beaten by my parents.
(6) I cry because they teased me again and again.
(7) I cry because my lover died.
(8) I cry because of my problem.
(9) I cry by you.

Why do you come here?

ဘာ့ကြောင့် မင်း ဒီကို လာတာလဲ။

(1) I come here to meet you.
(2) I come here to discuss with you.
(3) I come here to invite your sister.
(4) I come here to sit the entrance exam.
(5) I come here not to get married her.
(6) I come here to attend the University.
(7) I come here to go abroad.

W/H မေးခွန်း(ခေါ်)လားမေးခွန်းတွေကတော့ဟုတ်တာနဲ့မေးရင်ဟုတ်တာနဲ့ပြန်ဖြေ၊ မဟုတ်တာနဲ့ မေးရင် မဟုတ်တာနဲ့ ပြန်ဖြေရတာကို သတိထားစေချင်ပါတယ်။ ဒီအတွက် တစ်နေရာမှာ ဥပမာ ပြထားလိမ့်မည်။ အဖြေအတိုကို တိုက်ရိုက်ဖြေမယ်ဆိုရင်တော့ ဟုတ်တာတွေ မဟုတ်တာတွေ ထည့်စရာမလိုပါဘူး။ လိုရင်းကိုသာ တိုက်ရိုက်ဖြေလိုက်ပါ။

Why do you go there?

မင်း ဘာကြောင့် အဲ့ဒီကို သွားတာလဲ။

I go there because I want to meet my lover.

Why didn't you attend the class yesterday?

မင်း ဘာကြောင့် မနေက သင်တန်း မတက်ခဲ့တာလဲ။

I didn't attend the class yesterday because I was very busy.
Because I was very busy.
Because of being busy.

www.burmeseclassic.com

www.burmeseclassic.com

Why do you cry?
မင်း ဘာ့ကြောင့် ငိုတာလဲ။
Because I feel sad.

Why don't you make a talk-show?
မင်းဘာကြောင့်talk-show မပြောတာလဲ။
Because I'm afraid.
Because I don't dare to.

Why အတွက်မေးခွန်းများ

Why are you beautifull like that?
ဘာ့ကြောင့် ဒီလို လှနေရတာလဲ။

Why do you study English?
ဘာအတွက်ကြောင့် အင်္ဂလိပ်စာလေ့လာသလဲ။

Why do people have to sutdy?
လူဘဝ၌ ဘာ့ကြောင့်လူတွေ ပညာရှာကြရတာလဲ။

Why do people like young when they become old?
ဘာကြောင့်လူတွေအသက်ကြီးလာရင် နုပျိုခြင်းကို နှစ်သက်တာလဲ။

Why do different people in age fall in love with each other?
ဘာကြောင့်တစ်ယောက်နဲ့တစ်ယောက်မတူညီတဲ့အသက်အရွယ်တွေမှာသဘီးရည်းစားဖြစ်ကြတာလဲ။

Why do poeple say money makes everything?
ငွေဟာ အရာရာကို ပြုလုပ်နိုင်တယ်လို့ ဘာကြောင့် လူတွေပြောကြတာလဲ။

Why do scientists say that world is very small like a village?
ကမ္ဘာကြီးဟာ ကျဉ်းမြောင်းတဲ့ ရွာလေးတစ်ရွာလို့ ဘာကြောင့် သိပ္ပံပညာရှင်တွေက ပြောကြတာလဲ။

Why do you have a courage to speak English everywhere?
နေရာတိုင်းမှာ အင်္ဂလိပ်စကားပြောဖို့ ဘာ့ကြောင့် သတ္တိရှိနေတာလဲ။

Why can you answer quickly and clearly when someone asks you a lot of questions?
တစ်စုံတစ်ယောက် မေးခွန်းတွေ မေးတဲ့အခါ ဘာ့ကြောင့် မြန်မြန်ဆန်ဆန် ဖြေနိုင်တာလဲ။

Why can you pronounce the words quite well?
ဘာ့ကြောင့် စကားလုံးတွေကို အသံကောင်းကောင်း ထွက်နိုင်တာလဲ။

Why can you speak English very well?
ဘာ့ကြောင့် အင်္ဂလိပ်ကစားကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်တာလဲ။

Why do you come to study English here?
ဒီမှာ အင်္ဂလိပ်စာ ဘာ့ကြောင့် လာလေ့ လာတာလဲ။

Why do the people watch Korea series everynight crazily?
လူတွေ ဘာကြောင့် ကိုရီးယား ဇာတ်လမ်းတွဲတွေကို အရူးအမူး ကြည့်နေကြတာလဲ။

Why do students speak Myanmar in pair-talking?
pair-talking မှာဘာကြောင့်ကျောင်းသားတွေမြန်မာစကားပြောကြတာလဲ။

www.burmeseclassic.com

www.burmeseclassic.com

Why do the people be downcast if they don't succeed?
လူတွေဟာ သူတို့ မအောင်မြင်တဲ့အခါ ဘာကြောင့် စိတ်အားငယ်သွားကြတာလဲ။

Why do you make a talk-show?
မင်းဘာကြောင့်talk-show ပြောတာလဲ။

Why do Buddhists observe the five precepts?
ဗုဒ္ဓဘာသာဝင်တွေ ဘာကြောင့် ငါးပါးသီလ စောင့်ထိန်းကြတာလဲ။

Why do people waste the time foolishly by sitting at the tea-shop?
လူတွေဟာ လွှက်ရည်ဆိုင်မှာထိုင်ပြီး အချိန်ကို ဘာကြောင့် ရူးရူးမိုက်မိုက် ဖြုန်းနေကြတာလဲ။

Why do the people want to be rich so much?
လူတွေဟာ ဘာကြောင့် အရှင်းချမ်းသာ ချင်ကြတာလဲ။

Why do you attend this class?
ဘာကြောင့် ဒီသင်တန်းကိုတက်တာလဲ။

Why do you want to go abroad?
ဘာကြောင့် နိုင်ငံခြားသွားချင်တာလဲ။

Why do you learn English now?
ဘာကြောင့် အခု အင်္ဂလိပ်စာ သင်ကြားလေ့လာတာလဲ။

Why do you keep five precepts in your life?
မင်းဘာကြောင့် ငါးပါးသီလ စောင့်ထိန်းတာလဲ။

Why do the people make meritorious deeds daily?
လူတွေ ဘာကြောင့် နေ့စဉ် ကုသိုလ်ကောင်းမှုတွေ ပြုနေကြတာလဲ။

Why do they love in different ages " love is blind or they're floolish?
သူတို့ကိုယ်တိုင်က ရူးနေကြလို့လား။ အချစ်မှာ မျက်စိမရှိလို့လား။ မတူညီတဲ့ အသက်အရွယ်တွေမှာ ဘာကြောင့် ချစ်ကြိုက်နေကြတာလဲ။

Where အတွက်မေးခွန်းများ။

W/H မေးခွန်းအတွက်အဖြေတစ်ဝက်။
W/H များနဲ့မေးသောအခါW/H များကိုပြုတ်Yes,No မပါတဲ့ရိုးရိုးမေးခွန်းအတိုင်း ပြန်ဖြေပါ။

Where နဲ့မေးရင်နေရာပြုပုဒ်များနဲ့ပြန်ဖြေပါ။

Q: Where do you attend English Speaking class?
မင်း အင်္ဂလိပ်စကားပြောသင်တန်းကို ဘယ်မှာတက်ပါသလဲ။

I attend English Speaking class ***in Parami.***
at the heart of the city.

Q: Where do you work now?
မင်း ဘယ်မှာ အလုပ် လုပ်ပါသလဲ။

I work in the bank,
I work in the company.
I work in the government office.

www.burmeseclassic.com

www.burmeseclassic.com

Q: Where do you live?
မင်း ဘယ်မှာ နေသလဲ။
I live ***in Yangon.***
I live ***in South Okkalapa Township.***
I live ***in North Dagon.***

Where were you born?
မင်း ဘယ်မှာမွေးပါသလဲ။

I was born ***in Yangon.***
I was born ***in Mandalay.***
I was born ***in Taungoo.***
I was born ***in Myanmar.***

Where အတွက်မေးခွန်းများ။

Where do you make pair-talking to polish your English?
မင်းအင်္ဂလိပ်စာတိုးတက်ဖို့အတွက်pair-talking ကိုဘယ်မှာလုပ်ပါသလဲ။

Where do you usually go when you have holiday?
အားလပ်ရက်ရတဲ့အခါ ဘယ်သွားလေ့ရှိပါသလဲ။

Where did you attend English Speaking Class before?
အရင်က အင်္ဂလိပ်စကားပြောသင်တန်းကို ဘယ်မှာတက်ခဲ့ပါသလဲ။

Where do you usually celeberate your birth-day?
မင်းမွေးနေ့ပွဲလေးကို ဘယ်မှာကျင်းပလေ့ရှိပါသလဲ။

Where do you take a rest when you're tired?
မင်းပင်ပန်းနွမ်းနယ်တဲ့အခါဘယ်မှာအနားယူလေ့ရှိပါသလဲ။

Where do you practise to improve your English speaking power?
မင်းရဲ့ အင်္ဂလိပ်စာစွမ်းရည် တိုးတက်ဖို့ ဘယ်မှာ လေ့ကျင့်ပါသလဲ။

Where will you learn English after attending in this class?
မင်းဒီသင်တန်းတက်ပြီးရင် အင်္ဂလိပ်စာကို ဘယ်မှာသွားလေ့လာဦးမှာလဲ။

Where will you go after this class?
မင်းဒီသင်တန်းပြီးရင် ဘယ်သွားဦးမှာလဲ။

Where do you practise to improve your English?
မင်းအင်္ဂလိပ်စာတိုးတက်ဖို့ဘယ်မှာလေ့ကျင့်ပါသလဲ။

Where did you graduate from?
ခင်ဗျား ဘယ်ကဘွဲ့ရခဲ့တာလဲ။

From where did you know about this class?
ဒီသင်တန်းအကြောင်းကို ဘယ်က သိခဲ့တာလဲ။

Where do you pray to possess something?
တစ်ခုခုကိုပိုင်ဆိုင်ဖို့ဘယ်မှာဆုတောင်းလေ့ရှိပါသလဲ။

Where do you sit chatting?
မင်းဘယ်မှာchatting ထိုင်လေ့ရှိပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com

Where do you take a walk for your health?
မင်း ကျန်းမာရေးအတွက် ဘယ်ကိုလမ်းလျှောက်သွားလေ့ရှိပါသလဲ။

Where did you pass the matriculation examination?
မင်း တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ဘယ်မှာအောင်မြင်ခဲ့ပါသလဲ။

Where do you work?
ခင်ဗျား ဘယ်မှာအလုပ်လုပ်သလဲ။

Where do you live?
မင်းဘယ်မှာနေသလဲ။

Where are you happy to study English?
မင်း အင်္ဂလိပ်စာလေ့လာရတာ ဘယ်မှာပျော်သလဲ။

Where have you been in Myanmar?
မင်း မြန်မာနိုင်ငံအတွင်း ဘယ်နေရာတွေကို ရောက်ဖူးပါသလဲ။

Where have you lived before?
မင်းအရင်က ဘယ်မှာနေဖူးပါသလဲ။

Where have you spoken English?
မင်း ဘယ်မှာ အင်္ဂလိပ်စကား ပြောဖူးပါသလဲ။

Wherever have you gone to?
မင်း ဘယ်နေရာတွေ သွားဖူးပါသလဲ။

Where have you arrived at?
မင်း ဘယ်နေရာတွေ ရောက်ဖူးပါသလဲ။

Where did you meet each other if you have a lover?
မင်းမှာ ချစ်သူရှိရင် တစ်ယောက်နဲ့တစ်ယောက် ဘယ်မှာဆုံတွေ့ခဲ့ကြတာလဲ။

Where have you attended computer course?
ကွန်ပျူတာသင်တန်း မင်း ဘယ်မှာ တက်ဖူးပါသလဲ။

Where's your home-town? Where's your birth-place?
မင်းရဲ့မွေးရပ်ဇာတိက ဘယ်မှာလဲ။

Where were you born?
မင်း ဘယ်မှာမွေးဖွားတာလဲ။

Where are you from? (Where do you come from?)
ခင်ဗျားဘယ်ကနေ လာပါသလဲ။

Where will you go after you have attended the class?
သင်တန်းတက်ပြီးနောက် ဘယ်ကိုသွားမှာလဲ။

Where have you studied English speaking before?
အရင်က ခင်ဗျားဘယ်မှာ အင်္ဂလိပ်စကားပြောကို လေ့လာဖူးပါသလဲ။

Where did you attend English Speaking Class before?
မင်း အရင်က ဘယ်မှာ အင်္ဂလိပ်စကားပြောသင်တန်း တက်ခဲ့ပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com

When ...အတွက်မေးခွန်းများ။

W/H မေးခွန်းအတွက်အဖြေတစ်ဝက်။

W/H များနဲ့မေးသောအခါ**W/H** များကိုဖြုတ်**Yes, No** မတိုဘဲရိုးရိုးမေးခွန်းအတိုင်း ပြန်ဖြေပါ။

When နှင့်မေးရင်အချိန်ပြုပုဒ်များဖြင့်ပြန်ဖြေပါ။အတိုနည်းဖြေပုံတွင်အချိန်ပြုပုဒ်ကိုတိုက်ရိုက် ပြန်ဖြေနိုင်သည်။ ဖြေပုံဖြေနည်းများအောက်တွက် ကြည့်ပါ။

မေး။ ။When do you get up every morning?
မင်း မနက်တိုင်း ဘယ်အချိန် အိပ်ရာထပါသလဲ။

အရှည်ဖြေနည်း။ ။I get up ***at 6 o'clock*** everymorning.

အတိုဖြေနည်း။ ။***at six.***

မေး။ ။When do you go to bed every night?
မင်း ည၀ဉ် ဘယ်အချိန် အိပ်ပါသလဲ။

အရှည်ဖြေနည်း။ ။I go to bed ***after studying my lessons.***

အတိုဖြေနည်း။ ။***after studying my lessons.***

အရှည်ဖြေနည်း။ ။I go to bed ***round about eleven o'clock.***

အတိုဖြေနည်း။ ။***round about eleven o'clock.***

မေး။ ။When will you go abroad?
မင်း နိုင်ငံခြားကို ဘယ်အချိန်သွားမှာလဲ။

အရှည်ဖြေနည်း။ ။I will go abroad ***next month.***

အတိုဖြေနည်း။ ။***next month.***

မေး။ ။When did you pass the matriculation examination?
မင်း တက္ကသိုလ်၀င်တန်းစာမေးပွဲကို ဘယ်တုန်းက အောင်ခဲ့တာလဲ။

အရှည်ဖြေနည်း။ ။I passed the matriculation examination ***last year.***

အတိုဖြေနည်း။ ။***Last year.***

မေး။ ။When did you study phonetic symbols and exercises?
မင်း အသံထွက် သင်္ကေတတွေနဲ့ လေ့ကျင့်ခန်းတွေကို ဘယ်တုန်းက လေ့လာခဲ့တာလဲ။

အရှည်ဖြေနည်း။ I studied phonetic symbols and exercises ***in 1996.***

အတိုဖြေနည်း။ ။***In 1996.***

When ...အတွက်မေးခွန်းများ။

When did you come here from your home?
မင်းအိမ်ကနေဒီကိုဘယ်အချိန်လာပါသလဲ။

When did you take interest in speaking English?
မင်း အင်္ဂလိပ်စကားပြောကို ဘယ်တုန်းကတည်းက စိတ်၀င်စားနေခဲ့တာလဲ။

When will you pay back your parents' benefit?
မိဘကျေးဇူးကို ဘယ်တော့ပြန်ဆပ်မှာလဲ။

When will you go abroad?
မင်းနိုင်ငံခြားကို ဘယ်တော့ သွားမှာလဲ။

When are you going to come here tomorrow?
မင်း မနက်ဖြန် ဒီကို ဘယ်အချိန်လာမှာလဲ။

www.burmeseclassic.com

www.burmeseclassic.com

When do you read the books to get knowledge?
မင်းဗဟုသုတရရှိဖို့ ဘယ်အချိန် စာဖတ်ပါသလဲ။

When do you take exercises for your health?
မင်းကျန်းမာရေးအတွက် မင်းဘယ်အချိန် လေ့ကျင့်ခန်းတွေ ပြုလုပ်ပါသလဲ။

When will you make a talk-show again?
talk-show ကိုမင်းဘယ်တော့ထပ်ပြောဦးမှာလဲ။

When do you usually have a lunch?
နေ့လည်စာကို ဘယ်အချိန်စားလေ့ရှိပါသလဲ။

When do you take meditation daily?
မင်းနေ့စဉ် ဘယ်အချိန် တရားထိုင်ပါသလဲ။

When do you pay homage to the Buddha?
ခင်ဗျား ဘယ်အချိန် ဘုရားရှိခိုးပါသလဲ။

When do you count bests at night?
မင်း ညမှာ ဘယ်အချိန် ပုတီးစိတ်ပါသလဲ။

When should I sleep everynight?
ကျွန်တော် ညစဉ် ဘယ်အချိန် အိပ်သင့်ပါသလဲ။

When should I get up and study the lessons?
ကျွန်တော် ဘယ်အချိန်ထပြီး သင်ခန်းစာတွေကို လုပ်သင့်ပါသလဲ။

When should I read the books?
ကျွန်တော် ဘယ်အချိန် စာဖတ်သင့်ပါသလဲ။

When did the Buddha renounce royal throne?
မြတ်စွာဘုရား ဘယ်အရွယ်လောက်မှာ ထီးနန်းစွန့်၍ တောထွက်တော်မူခဲ့ပါသလဲ။

When did you begin to study English speaking?
ဘယ်အချိန်ကစပြီး အင်္ဂလိပ်စာကို လေ့လာသင်ယူခဲ့တာလဲ။

When do you get up in the morning?
မင်း နံနက်ခင်းမှာ ဘယ်အချိန် အိပ်ရာထသလဲ။

When did you know about this class?
မင်းဒီသင်တန်းအကြောင်းကို ဘယ်တုန်းက သိခဲ့တာလဲ။

When do you plan to get married if you have a lover?
မင်းမှာ ချစ်သူရှိရင် ဘယ်တော့ လက်ထပ်ဖို့ စီစဉ်ထားပါသလဲ။

When do you go to sleep everynight?
မင်း ညစဉ် ဘယ်အချိန် အိပ်ပါသလဲ။

When do you help your parents?
မင်းမိဘတွေကို ဘယ်အချိန် ကူညီပါသလဲ။

When do you take a rest in a day?
မင်း တစ်နေ့မှာ ဘယ်အချိန် အနားယူပါသလဲ။

www.burmeseclassic.com

www.burmeseclassic.com

How အတွက်မေးခိုင်းခြင်းများ

W/H မေးခွန်းအတွက်အဖြေတစ်ဝက်။
W/H များနဲ့မေးသောအခါW/H များကိုပြုတ်Yes,No မပါဘဲရိုးရိုးမေးခွန်းအတိုင်း ပြန်ဖြေတီး ။

How နဲ့မေးရင်Manner အမူအရာများနဲ့ပြန်ဖြေပါ။အမူအရာများဟူသည်။
ဘယ်လို/ဘယ်ပုံ/ဘယ်နည်း/ဘယ်လိုလဲ။ ဆိုတဲ့အဓိပ္ပါယ်နဲ့မေးခြင်းဖြစ်တယ်။

Q: How do you speak English?
အင်္ဂလိပ်စကားကို မင်းဘယ်လိုပြောပါသလဲ။

I speak English ***slowly***.
I speak Englis ***fluently***.
I speak English ***skillfully and bravely***.
I speak English ***with fearness***.
I speak English ***in fear***.
I speak English ***interestingly***.

Q: How will you answer their questions?
မင်း သူတို့ မေးခွန်းတွေကို ဘယ်လို ဖြေမလဲ။

I will answer their quesiions ***politely and patiently***.
I will answer their questions ***carefully***.
I will answer their questions ***perfectly***.
I'm going to answer their questions **detaily**

Q: How did you know about that?
မင်း အဲဒီအကြောင်းကို ဘယ်လို သိခဲ့တာလဲ။

I knew about that ***exactly and truely***.
I knew about that ***because they told me***.
Because they told me.
I knew about that ***from them***.

Q: How did you go to trip?
မင်း ဘယ်လို ခရီးထွက်ခဲ့ပါသလဲ။

I went to trip ***excitedly and happily***.
We went to trip ***friendly and helpfully***.

Q: How do you read the books?
မင်းစာ ဘယ်လို ဖတ်ပါသလဲ။

I read the books ***thoroughly and attentively***.
I read the books ***eagerly and delightedly***.

Q: How will you solve it if you have any problem?
မင်းမှာ ပြဿနာရှိရင် အဲဒီပြဿနာကို မင်း ဘယ်လိုဖြေရှင်းမလဲ။

I will solve it **calmly and reasonably.**
If I have problem, I will solve it **bravely and throughly.**

www.burmeseclassic.com

www.burmeseclassic.com

How အတွက်မေးခွန်းများ

How many siblings do you have?
မင်းမှာ မွေးချင်းဘယ်နှစ်ယောက်ရှိပါသလဲ။

How many brothers and sisters do you have?
မင်းမှာ ညီအစ်ကိုမောင်နှမ ဘယ်နှစ်ယောက်ရှိပါသလဲ။

How many distinctions did you get?
မင်း ဂုဏ်ထူး ဘယ်နှစ်ခုရရှိခဲ့ပါသလဲ။

How old are you?
မင်းအသက် ဘယ်လောက်ရှိပြီလဲ။

How clever are you in your home?
မင်းအိမ်မှာ ဘယ်လောက်လိမ္မာသလဲ။

How important is money for you?
မင်းအတွက် ငွေက ဘယ်လောက် အရေးကြီးပါသလဲ။

How necessary is mutual understanding between lovers?
ချစ်သူတွေကြားမှာ အပြန်အလှန် နားလည်မှု သဘောတရားသည် ဘယ်လောက် လိုအပ်ပါသလဲ။

How essential is Education in your life?
မင်းဘဝမှာ ပညာရေးက ဘယ်လောက်တောင် မရှိမဖြစ်လိုအပ်ပါသလဲ။

How needed is health for all of us?
ကျွန်တော်တို့ အားလုံးအတွက် ကျန်းမာရေးက ဘယ်လောက်ထိ လိုအပ်ပါသလဲ။

How brave are you to face everythings?
အရာရာကို ရင်ဆိုင်ဖို့ မင်းမှာ ဘယ်လောက်သတ္တိရှိသလဲ။

How skillful are you in English Speaking?
မင်းအင်္ဂလိပ်စကားပြောမှာ ဘယ်လောက်ကျွမ်းကျင်ပါသလဲ။

How naughty are you to your relatives?
မင်းဆွေမျိုးတွေအပေါ်မှာ ဘယ်လောက်ဆိုးနွဲ့ပါသလဲ။

How soft-spoken are you when you communicate with others?
မင်းအခြားသူတွေနဲ့ ဆက်ဆံတဲ့အခါ ဘယ်လောက် အပြောညက်ပါသလဲ။

How attractive and charming are you among the girls?
